www.burmeseclassic.com

မောင်မျိုး
စီစဉ်သည်

# Night of A Lion's Call

min khaike soe san



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၃၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၄၁၀၉၀၇

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၂ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

ခြသေ့်အလည်လာတဲ့ည / မင်းခိုက်စိုးစန်။ - ရန်ကုန်၊ ဇ၉၅. ၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၂ ၁၈. ၅ × ၁၃. ၅ စင်တီ။
၁၄၁ - စာ (၁) ခြသေ့်အလည်လာတဲ့ည

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ကြယ်တွေကြွေတဲ့ ည

၂။ ကျွန်တော် နှင့် "......."

၃။ ကမ်းဝေး

၄။ ကျွန်တော်နှင့် သမုဒ္ဒရာခုနစ်စင်း

၅။ ခြသေ့်အလည်လာတဲ့ ည

၆။ ပုဆွာ

၇။ သိမ်းဆည်းထားသောအရုဏ်များ

၈။ ကျွန်တော့်ကိုခိုးယူသွားတဲ့ အစောင့်

၉။ အာဒမ်ရောင်းလိုက်တဲ့ပန်းသီးပုပ်တစ်လုံး


www.burmeseclassic.com

www.burmeseclassic.com

# ကြယ်တွေကြွေတဲ့ည

www.burmeseclassic.com

www.burmeseclassic.com



အမြစ်တွေ ရှည်လျားလွန်းလိုက်တာ . . .

ငါဟာ . . . ဘာသစ်ပင်ပါလိမ့်ကွယ် . . .။

●



www.burmeseclassic.com

www.burmeseclassic.com

(၁)

သူနံဘေးတွင် အိပ်နေသော ကောင်မလေး၏ အသက်ရှူသံကို ကြားနေရသည်။ အဲသည်စက်ကိရိယာကို ဘယ်သူက မောင်းနှင်နေတာပါလိမ့်။ နွေးထွေးသော လေငွေ့က သူ့လက်မောင်းကို လာတိုးနေသည်။ မှောင်မိုက်လိုက်တာ။ နေပါဦး။ ငါမျက်ခွံတွေကိုမှ ဖွင့်ရသေးရဲ့လား။ ဘာပဲပြောပြော လက်မောင်းကို လာထိနေတဲ့ ထွက်သက်ကလေးကတော့ နွေးနေတာသေချာ၏။ မိုးစက်တွေ သွပ်ပြားနှင့်ထိသံတဖြောင်းဖြောင်းကို ကြားရသည်။ မုတ်သုံလေတစ်ချက် ·တိုက်လိုက်ပုံရသည်။ သူ့တစ်ကိုယ်လုံး အေးစိမ့်သွား၏။ နေပါဦး. . . ညက ငါပြတင်းပေါက်ကို မပိတ်ဘဲ အိပ်မိတယ်ထင်တယ်။ ပြတင်းပေါက်မှ တစ်ဆင့် မိုးစက်တွေ အခန်းထဲပက်ကာ ရွှဲရွှဲစိုနေလောက်ပြီ။ သူပြတင်းပေါက်ကို ထ ပိတ်ရန်တွေးသည်။ ဟင့်အင်း. . . မပိတ်လို့ကော မဖြစ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



သူ ခုတင်ပေါ်မှ မထဖြစ်သေး။ လူဆိုတာ မိုးရွာရင် ပြတင်းပေါက်ကို ထ ပိတ်ကိုပိတ်ရမယ်လို့ သတ်မှတ်ထားတာမှ မဟုတ်တာ။ သည်အတိုင်းနေမယ်ဆို နေခွင့်ရှိတယ် မဟုတ်လားဟု သူတွေးမိ၏။ နေပေစေ။ အခန်းထဲ မိုးပက်လို့ ရွဲရွဲစိုနေမယ်ဆိုလည်း ဘာဖြစ်သေးလဲ။ ငါ့မှာ အိပ်နေခွင့်ရှိတာပဲ။ တစ်အိမ်လုံး မိုးရေထဲမျောပါသွားသည့်တိုင် ဘာမှ အရေးကြီးလှသည်မဟုတ်ပါ။ လောကမှာ လူပေါင်းများစွာ ရေထဲမျောပါဖူးလှပြီ။ ဘယ်နှယောက်လောက် ရှိမလဲ။ သန်း တစ်ရာလား။ သန်း နှစ်ရာလား။ ငါနဲ့ပါ ဆိုရင်တော့ သန်းနှစ်ရာနဲ့တစ်ယောက်ပေါ့။ ဟင့်အင်း. . . ငါ့ဘေးက ကောင်မလေးနဲ့ပါဆိုရင် သန်းနှစ်ရာနဲ့နှစ်ယောက်. . . ဒါပါပဲ။

ညသန်းခေါင်လောက်အချိန်မှာ ဘာကြောင့်မှန်းမသိဘဲ သူ အိပ်နေရာမှနိုးလာရခြင်းကသာ အရေးကြီးပါသည်။ မိုးစက်ကျသံတွေကို သူကြားနေရသည်။

လူ့ဘဝဆိုတာ ညသန်းခေါင်ယံထဲ ပစ်ချခံလိုက်ရလို့နိုးလာတဲ့ သူတစ်ယောက်ရဲ့အဖြစ်ပဲမဟုတ်လားဟု သူတွေးမိသည်။ ဗိုက်ဆာလျှင် ကော်ဖီတစ်ခွက် ထ ဖျော်၊ ပေါင်မုန့်နဲ့ ဖြစ်ဖြစ်၊ ဘီစကစ်နဲ့ဖြစ်ဖြစ် စားနိုင်သည်။ မီးခလုတ်တွေ လျှောက်ဖွင့်ပစ်လိုက်နိုင်သည်။ သီချင်းတစ်ပုဒ်ကို လေချွန်ပြီး ခပ်တိုးတိုးညည်းနိုင်သည်။ လိုအပ်လျှင် ပြတင်းပေါက်ကို ထပိတ်နိုင်သည်။ နံဘေးတွင် အိပ်ပျော်နေသော ဆန့်ကျင်ဘက် လိင်တစ်ယောက်ကို ချစ်နိုင်သည်။ အို လုပ်စရာတွေအများကြီးပါပဲ။ သည်လို မှမဟုတ်ဘဲ ဆက်အိပ်ချင်လည်း အိပ်နေနိုင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက ထိုအရာများ အားလုံးအနက်က ဘာတစ်ခုကိုမှ လုပ်ချင်စိတ်မရှိပါ။ ငါ ဘာလုပ်ဖို့နိုးလာတာလဲဟု သူတွေးနေမိလေသည်။

တစ်ခုခုကိုချစ်ဖို့
ငါတို့ ဘာမှ အဆင်သင့်မဖြစ်ကြသေးဘူး
ခဏတစ်ဖြုတ် အကိုက်အခဲပြေရုံ
ငါတို့ နှလုံးအိမ်တွေ ထ . . . ထ ခုန်ကြ
ဘဝမှာ အချစ်မလိုပါဘူး
. . . ပါရာစီတမော ဆေးပြားတွေပဲလိုတယ် . . .

●



www.burmeseclassic.com

www.burmeseclassic.com

(၂)

နံဘေးမှကောင်မလေးကို နှိုးလိုက်ရရင်ကောင်းမလား ဟု သူ စဉ်းစားသေး၏။ ထိုကိစ္စသည် ဘာမှ အဓိပ္ပာယ် မရှိမှန်း သူ့ဘာသာ သူလည်း သိနေသောကြောင့် စိတ်ထဲချိုတုံချတုံ ဖြစ်နေမိသည်။ ဆုံးဖြတ် ရခက်နေမည့်အတူတူ ဒီကိစ္စကို မေ့ပစ်လိုက်တာ ကောင်းမယ်။ သူ တကယ်မေ့ပစ်လိုက်၏။

သူ့အကြည့်က နံရံပေါ်တွင်ချိတ်ထားသော ကြာပွတ်ဆီသို့ ရောက်သွား၏။ အခန်းထဲတွင် မှောင်မိုက်နေသည့်တိုင် ထိုကြာပွတ် ကို သူ့အသွေးနှင့် အသားနှင့် လှမ်းတို့မိလောက်အောင် နီးနီးကပ်ကပ် မြင်နေရသည်ဟု ထင်မိသည်။ သူ့ကျောရိုးထဲတွင် ပုရွက်ဆိတ်တွေ ဖြတ်သန်းပြေးလွှားနေကြသည်ဟု ခံစားရ၏။

ဘာမှမဟုတ်ဘူး။ အဲဒါတွေဟာ ဘာမှ မဟုတ်ဘူး။ ဘာတွေက ငါ့ကို လှည့်စားနေကြတာလဲ။ အင်း. . . လှည့်စားနေကြတာတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပါပဲလေ။ မိုးပေါက်ကြွေသံတွေ ပို၍ ကျယ်လောင်လာသည်။ တစ်ချက်တစ်ချက်တွင် လေက ဖေ့ယမ်း တိုက်ခတ်လိုက်သောကြောင့် ဝေါခနဲ ပြည်သွားသံတွေကိုပါ ကြားနေရ၏။ အဲသည်အသံတွေကကော အစစ်တွေ ဟုတ်ရဲ့လား။ ပွင့်နေသော ပြတင်းမှတစ်ဆင့် ဟပ်လိုက်သည့် အရောင်ကို မြင်ရ၏။ ခဏကလေး မြင်လိုက်ရသည့်အလင်းက မိမိ တစ်ယောက်တည်း ဆိုသည်ကို ပိုမို သေချာသွားလေသည်။ ငါကိုယ်တိုင် ကကော 'အစစ်' ဟုတ်လို့လား။

သူနားရွက်တွေ မိုးရေထဲမျောပါသွားကြသည်။ အဖြူရောင် ပန်းပွင့်တွေ ပွင့်လာ၏။ တစ်နှင့်တစ် ပေါင်းလိုက်သောအခါ ပန်းတစ်ပွင့် ကလည်း တစ်ခင်းစာဖြစ်သွားတတ်ပါသည်။ ကမ္ဘာကို ဝတ်မှုန်တွေနဲ့ ရက်လုပ်ထားတာမဟုတ်လား။ ပန်းတွေမျိုးပွားဖို့ရာ လိပ်ပြာတွေလည်း ပျံပါစေ။ ရီဝေမှိုင်းညို့ကာ အပြာရောင် အရစ်အခွေထနေသည့် ဟို. . . မြစ်ဖျားအစ တစ်နေရာဆီမှာ ကြည်သာမှုန်ပျသည့် ဘဝ၏အဆုံး တစ်နေရာဆီမှာ။ ရောက်လာတာလား. . . ပြန်သွားတာလား. . . ဒါမှ မဟုတ် အစကတည်းက ရှိမနေတာလား။ ငါမသိတာတွေ များလွန်း နေပြီ။ ရွှေခြည်တွေ ဖေ့ဆိုင်းကာ အဝါရောင် အခိုးအငွေ့တွေကြား ပန်းပွင့် နတ်သမီးတစ်ပါးကို မြင်ရသည်။ ညင်သာသော ထွက်သက်တစ်ခု ကို ပေးပါ။ ဒါမှမဟုတ် အဆုံးစွန် ရက်စက်မှုကိုပေးပါ။ ငါ ထွက်မပြေးနိုင် တော့လို့ပါကွယ်။

အစစ်လား၊ အတုလား ဘယ်အရာကိုမှ သူ သေသေချာချာ မခွဲခြားနိုင်သေး။ ထုတ်ပြောခွင့်လည်းမရှိ။ ဘဝမှာ ငါ ဘာမှ မသိသေး



www.burmeseclassic.com

www.burmeseclassic.com



ပါလားကွယ်ဟု ညည်းမိသည်။ ထိုစကားကို ရာဇဝင်တွင်အောင် ပြောရစ်ခဲ့ဖူးသော ဆော့ခရတ္တိဆိုသူ၏ အကြောင်းကို ကဗျာတွေ၊ ဝတ္ထုတွေထဲမှာ စိတ်ပျက်ညည်းငွေ့စရာကောင်းလောက်အောင် သူ ခဏ ခဏ ဖတ်ဖူးသည်။ သို့သော် သူက ဆော့ခရတ္တိကို အားကျသူတစ်ယောက် မဟုတ်ခဲ့ပါ။ (သူသာ ဆော့ခရတ္တိဖြစ်ခဲ့လျှင် အဆိပ်ခွက်ကို ကိုယ်တိုင်သောက်မည် မဟုတ်ဘဲ တခြား တစ်ယောက်ကို 'ဒါ ပြင်သစ်ကော်ဖီပဲ' ဟု ပြောကာ ညာ တိုက်လိုက်မှာ သေချာပါသည်)

ဆော့ခရတ္တိမကပါ။ သူက တကယ်တော့ ဘယ်သူ့ကိုမှ အားကျတတ်သူတစ်ယောက် မဟုတ်ခဲ့ပါ။ ဖြစ်နိုင်လျှင် သူက သူအစစ်ဖြစ်ကြောင်းသာ သေချာချင်ပါသည်။

ခေါင်းကိုက်လာသောကြောင့် ခုတင်ဘေးမှ စင်ပုပု ကလေးပေါ်တင်ထားသော ပါရာစီတမော ဆေးပုလင်းကို လက်ဖြင့်စမ်းလိုက်သည်။ ပါရာစီတမောဆေးပြားကသူ့ခန္ဓာကိုယ်ပေါ်မှာအခြားဒဏ်ရာ အနာတရများကိုပါ သက်သာစေလိမ့်မည်ဟုတွေးမိ၏။

●



www.burmeseclassic.com

www.burmeseclassic.com

(၃)

ယုံကြည်စရာ ဘာမှမရှိတာပဲ ခပ်ကောင်းကောင်း။

ငါ့အပေါင်းအသင်းတွေထဲမှာ 'မနက်ဖြန်' ဆိုတဲ့နာမည်နဲ့ ခြေဆော့လက်ဆော့နိုင်တဲ့ကောင် မပါရ။

အပျောက်အရှမ်းလွန်းလို့ပါကွယ် . . ။

●



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ ဘာကိုမှ ယုံကြည်၍ရခဲ့သူမဟုတ်။ မိုးချုပ်သည်ဆိုခြင်းနှင့်ပတ်သက်၍ ဘာမှသက်သေပြချက်များ ကွဲလွဲငြင်းခုံနေဖို့မလို။ ငှက်တွေ အိုလာလျှင် ဘယ်နေရာမှာ သွားသေကြတာလဲ။ သစ်ကိုင်းပေါ်တွင် အိုမင်းသေဆုံးနေသော ငှက်တစ်ကောင်တင်နေသည်ကို သူ တစ်ခါမှမမြင်ဘူး။ (ပြုတ်ကျလာသည်ကိုလည်းမမြင်ဘူးပါ) ငှက်တွေဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်မှာ သင်္ဂြိုဟ်ကြသလဲ။ ယွန်းသေတ္တာအို တစ်လုံးထဲမှာ အဖိုးတန်လှစွာသော မြေကြီးခဲ ကိုထည့်ထား၏။ ထိုမြေကြီးခဲသည် ငါ့ အသက်ဖြစ်သည်။ ငါ့ဝိညာဉ်ဖြစ်သည်။ နောက်ပြီး ကျောက်တုံးတစ်တုံးလည်း ဖြစ်သည်။ အားလုံးသံပြိုင် ရယ်လိုက်သံကို ကြားရသည်။ ပြက်လုံးက ရောက်မလာသေး။ ရယ်နှင့်ကြ၊ ရယ်နှင့်ကြ ပြက်လုံးရောက်မလာခင် ကြိုတင်၍ ရယ်နှင့်ကြ။

သို့မဟုတ် သင်နှင့် သင်၏အခြားလူများကို ပြက်လုံးလို သဘောထား၍ ရယ်ကြ။ ပြိုင်တူရယ်ကြသော အသံသည် ခပ်ဝေးဝေးမှ နား ထောင်သောအခါ ငိုညည်းသံနှင့် တူ၏။ ဘုရားရေ . . ကျိမ်စာတစ်ခုပါ

www.burmeseclassic.com



လားကွယ်။ ဒါဟာ မိုးရေစက်သံကျသံ မဟုတ်ဘူးလား။

သူ့ကိုယ်ပေါ်မှာ ဒဏ်ရာများက ပိုမို နာကျင်စပြုလာသည် မဖြစ်သေးပါဘူး။ အကိုက်အခဲပျောက်ဆေး သောက်ဦးမှပဲဟု သူ တွေးရင်း ဆေးပုလင်းကို မှောင်ထဲတွင်စမ်းပြန်သည်။ အို. . . စောစော က ကလေးတင်. . . ငါ ပါရာစီတမော နှစ်ပြား သောက်ထားသေးတယ် မဟုတ်ဘူးလား။ သေချာသည်။ အခုနကမှ ပါရာစီတမော ဆေးပြား များကို ရေမပါဘဲ သည်အတိုင်း ပါးစပ်ထဲထည့်ကာ မျိုချထားခဲ့ခြင်း ကြောင့် လျှာနှင့်ပွတ်တိုက်သွားရာတွင် ခါးသက်သက် ဖြစ်နေသည့် အရသာပင် ကျန်သေး၏။

သို့သော် စားပွဲပေါ်တွင် ဘာဆေးပုလင်းမှ မစမ်းမိ။ စာအုပ် တစ်အုပ်သာရှိသည်။ (ထိုစာအုပ်သည် 'လိင်နှင့် ပတ်သက်သော စိတ်မူ မမှန်မှုရောဂါများ' အကြောင်း ရေးသားထားသည့် ဒေါက်တာ ဂျေဒဗလျူ ရောဂျား ၏ စာအုပ်ဖြစ်၏) ဘယ့်နှယ်ပါလိမ့် ။ ငါအိပ်ရာ မဝင်ခင်ကတည်းက ဆေးပုလင်း ကုန်နေတာကို ဗီရိုထဲက အသစ် တစ်ပုလင်း ထုတ်ဖို့ လုပ်ပြီးမှ မေ့သွားခဲ့တာပဲ။

သည်လိုဆိုလျှင် စောစောက သူဆေးသောက်ခဲ့ခြင်းသည် အိပ်မက်ဖြစ်ပေလိမ့်မည်။ သို့တိုင် ဘာကြောင့် ပါးစပ်ထဲမှာ ဆေးအရသာ ခါးခါး ကျန်နေခဲ့ရသည်မသိ။ သူ မစဉ်းစားတတ်တော့။ ငါအခု အိပ်မက် မက်နေတာလား။ ဒါမှမဟုတ် စောစောက ဆေးသောက်တယ်ဆိုတာက အိပ်မက်လား။ ဘာကို ယုံကြည်ရမှာလဲ။

မှောင်ကြီး မည်းမည်းထဲမှာ ကိုယ့်ကိုယ်ကိုယ် နိုးနေသလား၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်နေသလား။ သေသေချာချာမသိတဲ့ လူတစ်ယောက်ဟာ အိပ်မက်နှင့် တကယ့်. . . အဖြစ်ကို မခွဲခြားတတ်တာ သဘာဝကျပါတယ်လေဟု သူတွေးမိ၏။ အမှန်တော့ ဘဝဆိုသည်မှာ အိပ်မက်ဖြစ်ဖြစ်၊ တကယ့်ကိစ္စဖြစ်ဖြစ် သိပ်ထူးလှသည် မဟုတ်ပါ။ ထိုနှစ်ခုကို ခွဲခြား ထုတ်ယူနေစရာမလို။ အို . . ယင်ကောင် တစ်ကောင် ငါ့ဒဏ်ရာပေါ်မှာ လာနားနေပြန်ပြီ။ အခံရခက်လိုက်တာ။ အခုအချိန်တွင် သူကတော့ မနက်ဖြန်ကို တနင်္ဂနွေနေ့ ဖြစ်စေချင်နေသည်။

ဖိနပ်တစ်ရန်သာ ဆိုလျှင်တော့ ခွဲခြားရပေလိမ့်မည်။ မှောင်ကြီးမည်းမည်းထဲ . . ကိစ္စမရှိပါ။ ဖိနပ်ကို စွပ် ကြည့်လိုက်ရုံသာ ဖြစ်သည်။ ခြေထောက်နှင့် အံဝင်ခွင်ကျ နေသားတကျ ရှိလျှင် ကိုယ့်ဖိနပ်ဖြစ်မှန်းသိနိုင်၏။ ဒါပေမဲ့ ဘဝကိုတော့ ဘာနဲ့စွပ်ကြည့်ရမှာလဲ။ အံဝင်ခွင်ကျနေသားတကျ ရှိ မရှိ ဘာနဲ့တိုင်းတာမှာလဲ။ ကိုယ့်ဘဝ ဟုတ် မဟုတ်ဘယ်လို သိနိုင်မတဲ့လဲ။

မနက်ဖြန်သည် တနင်္ဂနွေနေ့ ဖြစ်လိမ့်မည်မဟုတ်မှန်း သူကြိုသိနေသည်။ သူ့ရှေ့မှောက်တွင် မနက်ဖြန်မှာ ဖြစ်လာလိမ့်မည်ဟု ထင်ထားသော အရာများ ပြိုကျပျက်စီး ပျောက်ဆုံး သွားသည်ကို မြင်ရဖူးပေါင်းများလှပြီ။ ဒါပေမဲ့ မနက်ဖြန်ဟာ တနင်္ဂနွေနေ့ဖြစ်ရင် ကောင်းမယ်။ သူသည် သူ့ဒဏ်ရာတွေပေါ် ပြန်နားနေသော ယင်ကောင်တစ်ကောင်သာ ဖြစ်၏။ သူ့ကိုယ်ပေါ်မှာ ကြာပွတ်အရှိုးရာအစင်းတွေ . .။

●



www.burmeseclassic.com

www.burmeseclassic.com

(၄)

ဘဝဆိုတာ ဘာမှ မဟုတ်ပါဘူး။

ငါနဲ့ ငါ့အရှုံးထမှု တစ်ခုပဲ . . . တကယ်လိုအပ်တယ်။

●



www.burmeseclassic.com

www.burmeseclassic.com



မစီးဆင်းဘဲ ငြိမ်သက်နေသော ရေပြင်ထက်တွင် လှေတစ်စင်း ငြိမ်လျက်ဝပ်နေ၏။ တအိအိ ပြိုဆင်းကျလာနေသည့် ပန်းပွင့်တိမ်တိုက်တွေကို မြင်ရသည်။ ရွှေရည်အမျှင်တွေ နေခြည်မှာ တလက်လက် တောက်ပကာ နှင်းစက်တွေ ဖိတ်စက်စင်နေ၏။ အပြင်ကလား၊ အတွင်းကလား၊ အာရုံခံစားမှုဆိုသည်မှာ အိတ်ရှု့တစ်လုံးလို 'အပြင်မျက်နှာပြင်'၊ 'အတွင်းမျက်နှာပြင်' ဟူ၍ နှစ်မျိုးရှိလိမ့်မည်ထင်သည်။ အဲဒီအိတ်ထဲမှာတော့ ကိုယ့်ဘာသာကိုယ် 'ရှိတယ်' လို့ ထင်တဲ့ အရာတွေ ထည့်ထားတာပေါ့။

အဲဒါဟာ အရူးတစ်ယောက်က သူ့အိတ်ထဲမှာ ရွှေတွေ ထည့်ထားတယ်လို့ ထင်နေတဲ့ပုံမျိုးနဲ့ မတူဘူးလား။ အလကားပါပဲ။ သူက ရူးသွပ်သူတစ်ယောက် မဟုတ်ခဲ့ပါ။ ငါ့ကိုယ်ထဲမှာတော့ အရူးထမှု တစ်ခု ရှိချင်ရှိနေမှာပေါ့လေ။ သူတွေးရင်း ဒေါသဖြစ်လာ၏။ စားပွဲပေါ်မှ 'စိတ်မှု မမှန်မှုများ' အကြောင်းရေးထားသည့် ဆေးစာအုပ်ကို စိတ်တိုတိုဖြင့် အခန်းထောင့်ဆီ ပစ်ပေါက်လွှင့်ပစ်လိုက်သည်။ အား. . .



www.burmeseclassic.com

www.burmeseclassic.com



ယင်ကောင်တွေ. . . ယင်ကောင်တွေပါလားကွယ်။ လိင်စိတ် ဆိုသည်မှာ ယင်ကောင်တစ်ကောင် ဖြစ်ပါသည်။ သည်အတိုင်းဆိုလျှင် လူ့ဝိညာဉ် ဆိုသည်မှာ အညှီအဟောက်တစ်ခုလည်း ဖြစ်နေနိုင်၏။

မိုးက ပို၍ သဲသဲမဲမဲ ရွာလာသည်။ သည့်ထက်ပိုပြီး မှောင်စရာ ဘာကျန်သေးလို့လဲ လျှပ်စီးတွေ လက်လက်ပြနေတာကိုပဲ ယုံကြည်ပစ် လိုက်ရတော့မယ်။ နေ့ရက်တစ်ရက်ကို စတင်ဖို့အတွက် အရုဏ်တက်မှ ဖြစ်မယ်လို့ ဘယ်သူကမှ မသတ်မှတ်ခဲ့ပါ။ သူကတော့ မှောင်နေရတာကို ကြိုက်သည်။

ကိုယ့်ဘာသာကိုယ် မိုးလင်းရ၊ ကိုယ့်ဘာသာကိုယ် မိုးချုပ်ရနဲ့ အဲဒီ နေရောင်ခြည်ကိုက ရှုပ်တယ်။ မတောက်ပချင်ပါဘူးကွယ်. . . ပြန်ပြန် မှောင်ရတာနဲ့ မကာမိလို့။

မိုးကြိုးတစ်ချက် ပြင်းထန်စွာ ဟိန်းသွား၏။ သူလန့် သွားသည်။ ဟော . . သူထင်တဲ့အတိုင်းပါပဲ။ သူ့ဘေးတွင် အိပ်နေသော ကောင် မလေး နိုးသွားပြီ။

သူကြောက်ကြောက်နှင့် ပျော့ရွှင်လာ၏။ ကောင်မလေး က ခုတင်ပေါ်မှ ထထိုင်ရင်း သူ့ကို စိုက်ကြည့်နေသည်။ သူ့ တစ်ကိုယ်လုံး ဖောအစက်သွား၏။ ကောင်မလေးဆီက အကြည့်ကို လွှဲလိုက်သည့်အခါ စိတ်က အလိုလိုပင် နံရံပေါ်မှ ကြာပွတ်ကို လှမ်းကြည့်ဖြစ်စေသည်။ တစ်မက်နိုးကြွသော နှလုံးသားက နွေးထွေးလာသည်။ ကောင်မလေးက သူ့ကို မွှတ်သီးမွှတ်သပ် လုပ်နေသောကြောင့်လည်း ဖြစ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခန္ဓာကိုယ်ပေါ်ရှိ ကြာပွတ်အရှိုးရာများက တဆစ်ဆစ် နာကျင်လာသည်။ ဒဏ်ရာတွေပေါ်မှာ ယင်ကောင်တစ်ကောင် နားနေသည်ဟု အခုထိတိုင် ထင်ချင်နေမိသေး၏။ သူ တပ်မက်သောအရာကို သူကိုယ်တိုင် ပြန်စက်ဆုပ်မိလေသည်။ ဩော် .. ငါဟာ စိတ်အခွံနှစ်ထပ်နဲ့ ကောင်ပါလားကွယ်။

သူ ခုတင်ပေါ်မှဆင်းလိုက်ပြီး နံရံဆီလျှောက်သွား၏။ ကြာပွတ်ကို ဖြုတ်ယူပြီး ပြန်လှည့်လိုက်သည့်အခါတွင် မျက်လုံးများသည် ငှက်သေတစ်ကောင်၏ မျက်လုံးများနှင့် တူနေလေသည်။

ပြောပါ . . .

ငှက်တွေဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်မှာ သင်္ဂြိုဟ်ကြသလဲ . . ။

ကောင်မလေး၏ လက်ထဲသို့ ကြာပွတ်ကို လှမ်းပစ်ပေးလိုက်သည်။ ကောင်မလေးက ကြာပွတ်ကို ဆကာ ဆကာ ဝှေ့ယမ်းရင်း ခုတင်ပေါ်မှဆင်းကာ သူ့အနီးသို့ ချဉ်းကပ်လာ၏။ အပြင်ဘက်တွင် မိုးမရွာဘဲ ခြောက်သွေ့နေမှန်း သူအခုမှ သတိထားမိသည်။

နွေညသည် ပူလောင် ခြောက်သွေ့ တိတ်ဆိတ်ကာ ညှီစို့စို့နံနေလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



"အား . . ."

ကြာပွတ်သည် သူ့ကျောပြင်၊ တင်ပါးနှင့် ပေါင်သား ပေါ်သို့ တရွှမ်းရွှမ်း မြည်လေသည်။ ကြာပွတ်ကို ရိုပ်ခနဲ ရိုပ်ခနဲ အားယူကာ လွှဲမလိုက်သော ကောင်မလေး၏ လက်မောင်း၊ တရှီရှီမြည်သံ၊ သွေးများ၊ ကြာပွတ်ရာ အရှိုးစင်းကြောင်းများ၊ ယင်ကောင်များ . . ။

သူ ကြေကွဲ စက်ဆုပ် ကျေနပ်စွာ အော်ဟစ်လိုက်ပြန်လေသည်။ တဏှာရမ္မက် ထူပိတ်ထား လေးလံကာ နာနာကျင်ကျင်ဖြစ်နေသည့် သူ့အသံသည် ကြာပွတ်သံ နှင့် ရောနှောကာ လူတွေ အများကြီး ငိုကြွေးနေသံလိုလို. . . ရယ်မောနေသံလိုလို. . . အောက်မေ့စရာ ကောင်းနေ၏။

●



www.burmeseclassic.com

www.burmeseclassic.com



စောစောက သူဖတ်ခဲ့ရသည့် 'လိင်နှင့်ပတ်သက်သော စိတ်မူမမှန်မှုရောဂါများ' စာအုပ်ထဲတွင်တော့ သူ့လိုအဖြစ်မျိုးကို 'မက်ဆိုကစ်ဇင် (Masochism)'ဟု နာမည်တပ်ထား၏။ 'နှိပ်စက်ညှင်းပန်းခံရခြင်းဖြင့် လိင်ဆန္ဒကို အာသာဖြေလိုသည့်ရောဂါ' ဟုလည်း အဓိပ္ပာယ်ဖွင့်ထားသည်။ အင်း . . ခပ်လွယ်လွယ် ပြောရရင် 'လိင်စိတ် ဖောက်ပြန်နေတဲ့ အရူး' ပေါ့။ ရပါတယ်။ ကြိုက်သလို ခေါ်ပါစေလေ။ အကယ်တော့ ငါ့ဘဝမှာ . . . ငါနဲ့ ငါ့ အရူးထမှုတစ်ခုသာ လိုအပ်တာ မဟုတ်လား။

●



www.burmeseclassic.com

www.burmeseclassic.com

(၅)

နာကျင်ခြင်းဟာ . . . အမြစ်တွေပါပဲ . . .
အဲဒါတွေနဲ့ပဲ မြေကြီးထဲတွယ်ကုပ်
ဘဝဆိုတဲ့ သစ်ပင်ကို ဘယ်သူမှ မခုတ်ဖြစ်ကြဘူး။

တကယ်ဆိုလျှင် လောကမှာ ရှိရှိသမျှ လူတွေအားလုံးဟာ "မက်ဆိုကစ်ဇင်" ရောဂါရနေကြသူတွေချည်းပဲ မဟုတ်လားဟု သူတွေးမိသည်။ ဒဏ်ရာအနာတရတွေသာ ပေးတတ်သောဘဝ၏ နှိပ်စက်ညှင်းပန်းမှုကို ခံရင်း ကိုယ့်လိင်ဆန္ဒကိုကိုယ် ဖြေသိမ့်နေကြသည်။ ဒါပါပဲ။ စိတ်တွေက ယင်ကောင်ဖြစ်သွားပြီး ဒဏ်ရာတွေပေါ် နားကြ၊ ကြည့်စမ်း ငါ့သစ်ပင်အမြစ်တွေလည်း ရှည်လျားလွန်းလိုက်တာ။

ရိုက်ပါ. . . ရိုက်ပါ. . . ။ အဲဒီကြာပွတ်နဲ့ ငါ့ကိုသေအောင်ရိုက်လိုက်စမ်းပါ. . . ကောင်မလေးရယ် . . . ။

■



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် “……”

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော 'သေရတော့မည်' ဆိုသည်ကို ကျွန်တော် သိနေ၏။ ဘယ်တုန်းကမှ သည်လောက် မချောက်ချားခဲ့ဖူးပါ။ မျက်မြင်အားဖြင့် ကျန်းမာ သန်စွမ်းနေသူ တစ်ယောက်က သေရမည့်ဒုက္ခအတွက် တွေးပြီး ကြောက်လန့်နေသည်ကိုကြည့်ကာ သင်တို့ ရယ်မောချင် ရယ်မောနိုင်ပါသည်။

မည်သို့ပင် ဖြစ်စေကာမူ 'သေရတော့မည်' ကိုတော့ ကျွန်တော် အသေအချာ သိနေ၏။

●



www.burmeseclassic.com

www.burmeseclassic.com



'သေခါနီးမှာ ဘာသာရေးတစ်ခုခုကို ဆည်းကပ်ဖို့ လိုအပ်လို့လား' ဟု မေးလာမည်ဆိုလျှင် ထိုမေးခွန်းကို ကျွန်တော်မဖြေချင်ပါ။

ယခုအချိန်တွင် ကျွန်တော် လိုအပ်နေသည်မှာ 'ဆည်းကပ်စရာ' မဟုတ်ပါ။ 'နားလည်စရာ' တစ်ခုခုသာ ဖြစ်ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဆရာတော်ကို ဦးချလိုက်သည်။ ဆရာတော်ကြီးက မျက်လုံးမှုပင် လှန်မကြည့်ပါ။ စက္ကူမြွေ ချလျက်သားရှိ၏။ ဝိနည်းကို အလွန်ရိုသေပြီး လောကုတ္တရာနှင့် မစပ်လျဉ်းသောစကားကို မပြောဟု သိထားရသည့်အတွက် ဆရာတော်က အာလာပ၊ သလ္လာပ မဆိုခြင်းကို ကျွန်တော် မအံ့သြမိပါ။

ကျွန်တော်ကလည်း ဆရာတော်၏ တန်ဖိုးရှိသော အချိန်ကို မဖြုန်းတီးချင်ပါ။ ထို့ကြောင့် တဲ့တိုးပင် လျှောက်လိုက်သည်။

"အရှင်ဘုရား. . . တပည့်တော် သေခြင်းတရားကို ရင်ဆိုင်ဖို့ရန်အတွက် ဘယ်လို အသင့်ပြင်ဆင်ရပါမလဲ"

ဆရာတော်က ခေတ္တမျှ တိတ်ဆိတ်နေ၏။ နောက် . . .

"အသက်ရှင်နေခြင်းကို နားလည်အောင်သင်ယူပေါ့"

ကျွန်တော် အတန်ကြာအောင် ခေါင်းငုံ့နေပြီးမှ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်း ထပ် မေးလိုက်သည်။

"အသက်ရှင်နေရတာကို နားလည်အောင် ဘယ်လို သင်ယူရမလဲဘုရား"

ဆရာတော်က တစ်ခွန်းတည်း ပြန်ဖြေသည်။

"သေခြင်းတရားကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားပေါ့"

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေဖြင့် သင်တို့ကို ဘာမှထပ်ပြောစရာမရှိတော့ပါ။ တကယ်ပင် မရှိတော့ပါ။

ထိုနေ့က မုတ်သုံလေသည် ညင်ညင်သာသာ တိုက်ခတ်နေပြီး စွယ်တော်ပွင့်ဖြူဖြူကလေးများလည်း ပွင့်နေကြပါသည်။

စမ်းချောင်းကလေးကလည်း စီးမြဲစီးနေပါသည်။ (သို့မဟုတ်) ရပ်တန့်နေပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

ကမ်းဝေး

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဘယ်လိုလွှမ်းရမလဲဆိုတာ မသိပါ. . .။

●



www.burmeseclassic.com

www.burmeseclassic.com

(၂)

အဲသည်နေ့က ကျွန်တော်နှင့်သူမ ပင်လယ်လှိုင်းလုံးများ၏ အပေါ်တွင် သီချင်းတစ်ပုဒ်လို ငြိမ့်ငြိမ့်ကလေး မျောပါနေခဲ့ကြပါသည်။ ပင်လယ်က ပူပြီး ပင်လယ်က အေးနေသောကြောင့် ပင်လယ်သည် ပင်လယ်ဖြစ်နေပါသည်။

ကျောက်ဆောင်များကို လှိုင်းပုတ်သည့်အသံ ကြားရသော အခါတွင် ကျွန်တော်နှင့်သူမ အသံထွက်အောင်ပင် ရယ်မိကြပါသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံးတွင် နာရီ မရှိသောကြောင့် ထိုအချိန်ကို 'ရေတက်ချိန်' ဟု ခေါ်လိုက်ကြပါသည်။

ပင်လယ်ရေ တက်လာချိန်သည် အလွန် ချစ်စရာကောင်းသည် ဟုပြောလျှင် သင်တို့ ယုံမည် မယုံမည်ကိုတော့ မသိပါ။ ကျောက်ဆောင်များကတော့ ယုံကြည်ကြပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

# (၃)

ကျွန်တော်နှင့် သူမကို လှိုင်းလုံးတစ်လုံးက ကျောက်ဆောင်တစ်ခုပေါ်သို့ ရိုက်ပုတ်တင်လိုက်၏။ ထိုကျောက်ဆောင်ပေါ်တွင် ခဏနားခိုရန် ဆုံးဖြတ်လိုက်ပြီး သဘာဝအလျောက် ဖြစ်နေသော ကျောက်အချိုင့်အခွက်ကလေးတစ်ခုထဲတွင် ကျွန်တော်တို့နှစ်ယောက်သား ကပ်နေလိုက်ကြသည်။

လှိုင်းလုံးက ဝုန်းခနဲ ပြန်လျောဆင်းသွားသောအခါ ကျွန်တော်တို့နှစ်ယောက် ကုပ်ကပ်တွယ်ဖက်ရင်း ကျောက်ဆောင်ပေါ်တွင် ကျန်နေရစ်ခဲ့သည်။

ငုံ့ကြည့်လိုက်သောအခါ ဟိုး . . . အောက်ဘက်တွင် ပင်လယ်ကို တွေ့ရ၏။

"အိုး . . တို့ရောက်နေတာ အမြင့်ကြီးပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောလိုက်သည်။

ပင်လယ်က မြင့်တက်လာလိုက်၊ ပြန်နိမ့်ကျသွားလိုက် ဖြစ်နေ၏။ ကျွန်တော်တို့ခေါင်းပေါ်မှ လှိုင်းတွေ ဖြတ်သန်းသွားနေကြသည်။ တဖြည်းဖြည်းနှင့် ကျောက်ဆောင်တစ်ခုလုံးကို ပင်လယ်က ဖုံးသွားသည်။ ထပ်မံ၍ ပြောရပါဦးမည်။ ထိုအချိန်သည် ရေတက်ချိန်ဖြစ်ပါသည်။

•



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်းရေ . . .

ရှိုက်သံစွက်တဲ့ အလွမ်းတွေ

ငါ့ စိတ်ကမ်းဆီ သယ်မလာပါနဲ့

ငါက ချစ်လို့ . . .

ပြန်လာခဲ့တာပါ. . . ပင်လယ်"

ကျွန်တော် ကဗျာလေးတစ်ပုဒ်ကိုရွတ်ပြီး ပင်လယ်ထဲ ပြန်ဆင်းလာခဲ့သည်။ သူမကတော့ ကျောက်ဆောင်ပေါ်မှာ ကျန်နေရစ်ခဲ့၏။

●



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် သမုဒ္ဒရာစုန်စဝ်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော့်မှာ အိပ်မက်တွေကို မွေးထားတဲ့ ခြံတစ်ခြံရှိတယ်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ကျွန်တော့် အိပ်မက်တွေထဲမှာ နှင်းဆီအိပ်မက်ပင် ပုပုလေးတွေလည်း ပါတယ်။ ကုက္ကိုအိပ်မက်ပင် မြင့်မြင့်ကြီးတွေ လည်းပါတယ်။ အမြစ်ပါးပျဉ်းတွေ တွဲကျနေတဲ့ ညောင် အိပ်မက်ပင်အိုကြီးတွေလည်း ပါ ပါတယ်။ တချို့အိပ်မက်တွေက တိမ်တွေနဲ့ဆော့ကစားလို့၊ တချို့အိပ်မက်တွေကျတော့ ကောင်းကင်နဲ့ မနီးစပ်ဘူး။ မြေကြီးပေါ်မှာပဲ လမ်းလျှောက်နေကြလေရဲ့။

ကျွန်တော့်ရဲ့အိပ်မက်တွေဟာ ဗိသုကာပညာရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပစ်ပယ်ပြီး ပန်းနုရောင်ရဲတိုက်ကြီးတွေကို တည်ဆောက်ကြတယ်။ ဆောင်းဥတုနှင်းပွင့်တွေကို စကားပြောတတ်အောင် သင်ပေးပြီး ကဗျာတွေကို အဖြူရောင်အသံနဲ့ ရွတ်ခိုင်းတယ်။

နတ်ဆိုးတွေရဲ့ လေချွန်သံမှာ ဗုံတီးပြီး ကခုန်ကြတယ်။ လိပ်ပြာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို သက်တံယောင်ဆောင်နိုင်တဲ့ ကျိန်စာ နဲ့ မန်းမှုတ်ကြတယ်။ အနက်ရောင်သိုးတွေနဲ့အတူ အမှောင်တောအုပ်ထဲမှာ သေရည်သောက်ကြတယ်။

အဲဒီလိုနဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေက အဲဒီလို ကျွန်တော့်ရဲ့ အိပ်မက်တွေဖြစ်ခဲ့ပေါ့။

●



www.burmeseclassic.com

www.burmeseclassic.com

(၃)

တစ်နေ့တော့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ အိပ်မက်တွေနဲ့ ငြင်းရင်းခုံရင်း ရန်ဖြစ်ခဲ့တယ်။ ကျွန်တော်က . . .

"အနတ္တကိုမြင်မှ ဒုက္ခသစ္စာကို နားလည်မယ်"

လို့ပြောတော့ အိပ်မက်တွေက ငြင်းတယ်လေ။

သူတို့က . . .

"ဒုက္ခသစ္စာကိုနားလည်ဖို့ဆိုရင် အတ္တ ရှိကြောင်း အရင် လက်ခံမှဖြစ်မယ်"

ကျွန်တော်က ခေါင်းခါပြလိုက်တယ်။

အဲဒီတော့ အိပ်မက်တွေက . . .

"ကောင်းပြီ . . . ဒါဆိုရင် ခင်ဗျားပြောသလိုပဲ၊ ဒုက္ခသစ္စာဟာ အနတ္တဖြစ်တယ်ပဲ ထားပါတော့"

"ထားရမှာပေါ့ကွ၊ မင်းတို့က . . ."



www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ၊ နိရောဓသစ္စာ ဆိုတာ ရှိသေးတယ်မဟုတ်လား၊ ဒုက္ခသစ္စာကို ဖယ်ခွာမှ နိရောဓသစ္စာကိုရောက်ပြီး လွတ်မြောက်မယ်လို့ ဆိုထားတာကိုး"

"အင်း. . . ဟုတ်တော့ဟုတ်တယ်"

ကျွန်တော် သူတို့ရဲ့ စကားလုံးပိုက်ကွန်ထဲက ရှောင်ထွက်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ မရတော့ပါဘူး။ အိပ်မက်တွေက ဆက်ပြောတယ်။

" . . . ဒုက္ခသစ္စာကို ဖယ်ရှားမှ သူနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ နိရောဓသစ္စာ ကို ဆိုက်မှာဆိုရင်. . . အနတ္တကိုဖယ်ရှားပြီး အနတ္တရဲ့ ဆန့်ကျင်ဘက် 'အတ္တ' ကို ရောက်ရမှာလို့ ပြောနေတာနဲ့ မတူဘူးလား"

သူတို့ကို ကျွန်တော် စိတ်ဆိုးသွားတယ်။ ဟုတ်တယ်လေ . . . ကျွန်တော်က အတ္တဆန့်ကျင်ရေးသမား။ သူတို့က အတ္တကို လက်ခံထားတဲ့ အိပ်မက်တွေ . . .။

ကျွန်တော် သူတို့ကို လက်ခံ မထားချင်တော့ဘူး။ ဒါနဲ့ . . . အိပ်မက်တွေက . . .

"ဒုက္ခကို နားလည်ချင်ရင် 'အတ္တ' ကို အရင်မြင်အောင် ကြည့်ဦး"

လို့ စိတ်ဆိုးမာန်ဆိုးနဲ့ အော်ဟစ်ပြီး ခြံတံခါးကို တွန်းဖွင့် ထွက်ပြေးသွားကြတယ်။

ပြီးတော့ အိပ်မက်တွေအားလုံးဟာ ပင်လယ်ထဲကို ခုန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com

# (၄)

နောက်တစ်နေ့ နံနက်တွင် . . .

ကျွန်တော်တို့ ခိုကပ်နေသော ကျောက်ဆောင်သည် ပင်လယ်ထဲမှ ခေါင်းထောင်ထကြည့်စ ပြုလာသည်။ (ကျွန်တော်တို့ နှစ်ယောက်စလုံးတွင် နာရီ မရှိသောကြောင့် ထိုအချိန်ကို 'ရေကျချိန်' ဟု ခေါ်လိုက်ကြပါသည်) ကျွန်တော်က ပြောလိုက်သည်။

"ရေကျတော့မယ်၊ တို့ . . ပင်လယ်ထဲကို ပြန်လိုက်ဆင်းသွားရအောင်"

"ဟင့်အင်း. . . ကျွန်မက ပင်လယ်ထဲကို မဆင်းချင်ဘူး၊ ပင်လယ်ကို ငုံ့ကြည့်ရတာပဲကြိုက်တယ်"

သူမက ယဉ်ကျေးသော အပြုံးတစ်ခုဖြင့် (လုံး၀) ငြင်းပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၅)

(လှိုင်းသံအစဲတွင်ကျွန်တော်တိတ်တိတ်ကလေး ခိုးနားထောင်နေသောအခါ) ကမ်းစပ် ကျောက်ဆောင်ပေါ် လမ်းလျှောက် ထွက်လာသူအချို့က သူမ၏အလောင်းကို ငုံ့ကြည့်ပြီး ပြောသွားသည့် စကားသံတချို့ကို ကြားရသည်။

"ကြည့်စမ်း . . . ကျောက်ဆောင်ချိုင့်ခွက်တွေကြားမှာ ငါးကန်းလေးတစ်ကောင် သေနေတယ်'

"ဟုတ်တယ် . . . ပင်လယ်ရေအတက်မှာပါလာပြီး ရေအကျမှာတင်ကျန်နေရစ်ခဲ့တော့ နေပူမိပြီး သေတာဖြစ်မှာပေ့ါ"

အမြင့်ဆီကို ပို့သည့် လှိုင်းများအကြောင်း သူတို့ကို ပြောပြစရာ ကျွန်တော့်မှာ ဘာအကြောင်းမှမရှိပါ။ ပြန်ဆင်းရသည်က တက်ခဲ့သည်ထက် ပို ခက်ခဲသည့် အကြောင်းသာ ပြောပြချင်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေရဲ့။

ကျွန်တော့်မှာ အိပ်မက်တွေ တစ်ခုမှ မရှိတော့ဘူး။

●



www.burmeseclassic.com

www.burmeseclassic.com

(၄)

ကျွန်တော် ပင်လယ်ထဲဆင်းပြီး အိပ်မက်တွေကို လိုက်ရှာတယ်။ မတွေ့ဘူး . . . (မောလိုက်တာ)

ကျွန်တော်ဟာ အိပ်မက်တွေနဲ့အတူနေခဲ့တာ ကြာလှပြီဖြစ်လို့ အခု သူတို့ မရှိတော့ တစ်ယောက်တည်း အထီးကျန်သလိုပဲ။ ရိုးရိုးသားသား ဝန်ခံရရင် ကျွန်တော်ဟာအိပ်မက်တွေကို တွေ့လည်းတွေ့ချင်တယ်။ စိတ်လည်း နာတယ်။

သမုဒ္ဒရာခုနစ်စင်းလုံး အနှံ့လိုက်ရှာပြီး မတွေ့တဲ့အဆုံးမှာ ကျွန်တော်ဟာ 'ပိုဆိုက်ဒွန်း (Poseidon)' ရဲ့ ရှေ့ကို ရောက်သွားတယ်။ 'ပိုဆိုက်ဒွန်း' ဆိုတာက ပင်လယ်သမုဒ္ဒရာကို ပိုင်စိုးရတဲ့ နတ်မင်းကြီးပါ။ သူ့ကို ကျွန်တော်က . . .

"ခင်ဗျားပိုင်တဲ့ သမုဒ္ဒရာထဲမှာ ကျွန်တော့်ရဲ့ အိပ်မက်တွေ ဝင်ပုန်းနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တော့ သူက တည်တည်ငြိမ်ငြိမ်ပဲ ပြန်မေးတယ်။

"မင်းကတော့ ဘာဖြစ်လို့ ငါ့ဆီ ရောက်လာတာလဲ"

"ပုန်းနေတဲ့သူတွေကို လိုက်ရှာရတာ ပင်ပန်းလို့"

ပိုဆိုက်ဒွန်း က သူ့လက်ကို တစ်ချက် ဝှေ့ယမ်းလိုက်တော့ သမုဒ္ဒရာ ခုနစ်စင်းအနှံ့ ပုန်းနေကြတဲ့ ကျွန်တော့်ရဲ့အိပ်မက်တွေ ဘွား ခနဲ ရောက်လာတယ်။

ကျွန်တော့်စိတ်ထဲမှာ 'ပိုဆိုက်ဒွန်း' ကြီးက အိပ်မက်တွေကို ကျွန်တော်နဲ့အတူတူ အိမ်ကို ပြန် ထည့်ပေးလိုက်လိမ့်မယ်လို့ အောက် မေ့ထားတာ။ ဒါပေမဲ့ ကျွန်တော့်စိတ်ကူးဟာ လွဲချော်သွားခဲ့တယ်။

ပိုဆိုက်ဒွန်းက ကျွန်တော် အံ့ဩသွားစေမယ့် ကစားပွဲတစ်ပွဲ ကို ဖန်တီးလိုက်တာကိုး။ အိပ်မက်တွေအားလုံးကို လက်ညှိုးထိုးပြီး ပိုဆိုက်ဒွန်းက ပြောလိုက်တယ်။

"မင်းတို့ကို လိုက်ရှာရတာ ဒီလူ ပင်ပန်းနေပြီ၊ အဲဒီတော့ အခု ကစားပွဲမှာ ပြောင်းပြန်လုပ်လိုက်ကြရအောင် . . .၊ ဒီလူကို ပုန်းခိုင်း လိုက်၊ ပြီးရင် မင်းတို့က လိုက်ရှာကြရမယ်"

အိပ်မက်တွေက သဘောတူလိုက်ကြတယ်။ ကျွန်တော် ကတော့ အူကြောင်ကြောင်ဖြစ်သွားပြီး . . .

"ဟင် . . ဘယ်လိုကြီးလဲဟ"

လို့ တွေးနေမိတယ်။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။

'ပိုဆိုက်ဒွန်း' ကြီးရဲ့အမိန့်ပဲ။ ဒီလိုလုပ်ရတာ သူ့မှာ ခိုင်လုံတဲ့ အကြောင်းတစ်ခုခုတော့ ရှိလို့ဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ မင်းပုန်းရမယ့်အလှည့်ပဲ။ အလုံခြုံဆုံးနေရာမှာသာ ပုန်းနေပေတော့။ မင်းကို အိပ်မက်တွေက ရှာတွေ့မသွားစေနဲ့."

ကျွန်တော့်စိတ်ထဲက ကျိတ်ပြီးပြုံးလိုက်တယ်။ ဟုတ်တယ်လေ. . . ဒါဟာ ကျွန်တော့်ဘက်က ကလဲ့စားပြန်ချေခွင့်ရတဲ့ အလှည့်ပဲ။ လိုက်ရှာရတဲ့သူ့ဘဝတုန်းက ကျွန်တော် ဘယ်လောက်ထိ ပင်ပန်းခဲ့ရသလဲ။ သိတယ်မဟုတ်လား။ ကဲ . . အခု အဲဒီ အမောဒဏ်ကို အိပ်မက်တွေက တစ်လှည့်ခံပေဦးတော့ . . .။

ကမာကောင်တစ်ကောင်ရဲ့ ပါးစပ်ထဲမှာ ပုလဲတစ်လုံး ယောင်ဆောင်ပြီး ကျွန်တော် ဝင်ပုန်းနေလိုက်တယ်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၅)

ထောင်စုနှစ်တွေသာ အများကြီးကြာလာတယ်။ကျွန်တော့်ကို ဘယ်အိပ်မက်ကမှ တွေ့အောင် မရှာနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ . . . အဲဒီလို အနိုင်ရလို့ ကျွန်တော်ပျော်နေမယ်လို့ ခင်ဗျားတို့ထင်နေကြလား။

နှစ်ပေါင်းထောင်ချီပြီး . . . မှောင်မည်း အေးစက်နေတဲ့ ကျွန်တော်ဟာ တစ်ယောက်တည်း အထီးကျန်နေခဲ့ရတာပါ။ ခင်ဗျားတို့ နေကြည့်ကြစမ်းပါ။ ဘယ်သူကမှ ခင်ဗျားကို လာ မတွေ့ဘဲနဲ့လေ . . . ။ ဘယ်လောက် ခြောက်သွေ့ ရှည်လျားလိုက်တဲ့ အချိန်ကာလတွေလဲလို့။ သိတယ်မဟုတ်လား။

ငြီးငွေ့ခြင်း ဆိုတဲ့ သစ်သီးတောင်မှ ပုပ်သိုးသွားတယ်။

နောက်ဆုံးတော့ ကျွန်တော် သည်းမခံနိုင်တော့ဘူး။ ကမာ ကောင်ရဲ့ပါးစပ်ထဲက ခုန်ထွက်ပြီး သမုဒ္ဒရာခုနစ်စင်းလုံး ကြားအောင် ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . . ဒီမှာဟေ့"

ပိုဆိုက်ဒွန်း က ကျွန်တော့်ရှေ့ကို ချက်ချင်းရောက်လာပြီး မေးတယ်။

"မင်းက ဘာဖြစ်လို့ တမင်သက်သက် အမိခံလိုက်ရတာလဲ" တဲ့။

ကျွန်တော် တစ်ခွန်းတည်း ပြန်ဖြေလိုက်တယ်။

"ပုန်းနေရတာ ပင်ပန်းလို့"

ဟုတ်ပါတယ် ။ တကယ်တော့ လိုက်ရှာရတာလည်း ပင်ပန်းတယ်။ ပုန်းနေရတာဟာလည်း ပင်ပန်းတာပဲ။

■



www.burmeseclassic.com

www.burmeseclassic.com

# ခြသေ့်အလည်လာတဲ့ ည

www.burmeseclassic.com

www.burmeseclassic.com

(၁)

ထိုသို့ အိပ်ရာပေါ်တွင် ကျွန်တော် လဲလျောင်းနေခိုက်မှာပင် အခန်းထဲသို့ ခြသေ့်တစ်ကောင် ဝင်လာပါသည်။ ခြသေ့်က ကျွန်တော် အိပ်နေသည့်ခုတင်ပေါ်သို့ တက်လိုက်ပြီး . . .

"ဟိုဘက်. . . နည်းနည်းတိုး"

အစက ထိုသတ္တဝါကို ခြသေ့်မှန်း ကျွန်တော် မသိသေးပါ။ (အခန်းထဲတွင် ကျွန်တော်မှလွဲ၍ အခြားသူ တစ်ယောက်မှရှိမနေမှန်း ကျွန်တော်သေသေချာချာ သိထားသည်) ညှီစို့စို့သားစိမ်းနံ့က ကျွန်တော့် နှာခေါင်းထဲ ဆိုးဆိုးရွားရွားတိုးဝင်လာ၏။

ခုတင်ဘေးမှ မီးခလုတ်ကို ကျွန်တော့်လက်ဖြင့် စမ်းပြီး ဖွင့်လိုက်သည်။

"ချောက်"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြက်မှ ဖြာခနဲ လင်းထိန်သွားသော မီးရောင်ကြောင့် ကျွန်တော့်မျက်လုံးတွေ ပြာသွားသည်။ မျက်ခွံများကို ရုတ်ခြည်းပိတ်လိုက်မိ၏။ ထိုခဏတွင် အလင်းက မျက်ခွံအရေပြားကို ဖောက်ဝင်လာနေသောကြောင့် မျက်ခွံအောက်မှ သွေးကြောများ၏ အနီရောင်ကိုသာ မြင်နေရသည်။

နောက် . . . မျက်စိကို တဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သောအခါ ခုတင်ပေါ်တွင် ကျွန်တော်နှင့်ဘေးချင်းကပ်လျက် လဲလျောင်းနေသော လည်ဆံမွေးဖွားဖွားနှင့် ခြင်္သေ့တစ်ကောင်ကို တွေ့လိုက်ရပြီး ကျွန်တော်လန့်သွားသည်။

ကျွန်တော် တစ်စုံတစ်ရာကို အော်တော့ အော်ဟစ်လိုက်မိသည်ထင်၏။ (သိပ်မသေချာ၊ အော်ဟစ်လိုက်သည်ဟု စိတ်ထဲက ထင်လိုက်ခြင်းမျှသာလည်း ဖြစ်နိုင်သည်) နှုတ်မှ ဘာသံမျှ ထွက်မလာ။ ကျွန်တော့် နှုတ်ခမ်းတွေကို ဖွင့်ဖို့ ဟဖို့ မလွယ်ကူ။ နှုတ်ခမ်းအလွှာများက လေးလံထူပိန်းလွန်းနေသည်ဟု ကိုယ့်ဘာသာကိုယ် အောက်မေ့မိ၏။

ခြင်္သေ့ကတော့ အေးအေးဆေးဆေး လဲလျောင်းနေသည်။

အုန်းခွံရောင်လည်ဆံမွေးများက ဖရိုဖရဲ ထူထဲရှည်လျားစွာဖြင့် သူ့ဦးခေါင်းလည်ပင်းတစ်ဝိုက်တွင် မီးတောက်မီးလျှံတစ်ခုလို တောက်ပနေ၏။ ခန္ဓာကိုယ်ကြွက်သား အဖုအထစ်များပေါ်မှ အမွေးနုများက ကတ္တီပါစ လို အရောင် အနုအရင့် ပြေးနေသောကြောင့် နူးညံ့နေပေလိမ့်မည်ဟု ထင်စရာကောင်းသည်။

ပွတ်သပ်ကိုင်ကြည့်ချင်စိတ်ပင် ဖြစ်မိ၏။ သို့သော် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မှာ သတ္တိမရှိတော့။ ဘာမှလည်း မကျန်ရစ်ခဲ့တော့။ ဆင်ခြင်စိတ်၊ သတ္တိ၊ ခွန်အား၊ ဂုဏ်သိက္ခာ. . . အရာအားလုံးသည်ထိုခဏချင်း၌ပင် ကျွန်တော့်ကို စွန့်ခွာထွက်ပြေး ကွယ်ပျောက်သွားကြသည်။

ကိုယ့်ကိုယ်ကိုယ် အစွန့်ပစ်ခံပစ္စည်း အဟောင်းအစုတ်တစ်ခုလို အောက်မေ့ခံစားရလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၂)

မီးခလုတ်ဆီဆန့်တန်းထားသော ကျွန်တော့် ညာဘက်လက်က အကြောသေသလို 'ဘုတ်' ခနဲ ပြုတ်ကျလာ၏။ မွေ့ရာနှင့် ကျွန်တော့်လက်. . . ထိခတ်မိသံ မတိုးမကျယ်ကြောင့် ခြသေ့်က မျက်လုံးဖွင့်ကြည့်သည်။

သူ့မျက်လုံးတွေက ကျွန်တော့်ကို 'စိတ်ပျက်စရာ ကောင်းသော လူတစ်ယောက်' အဖြစ် သတ်မှတ်ထားကြောင်း ဖော်ပြနေကြသည်။ ထို့နောက်. . . ခြသေ့်က လက်နှစ်ဘက်ကို ရှေ့ပစ်ကာ ခေါင်းမော့ပြီး တစ်ချက် အားရပါးရ သမ်းလိုက်၏။

သမ်းလိုက်သောကြောင့် ခြသေ့် တစ်ကိုယ်လုံးမှ ကြွက်သား အဖုအထစ်များ မာကျောကျစ်လျစ်ကာ ခုံးထလာပြီး ခြေသဘက် တစ်ဘက် ဆန့်တန်းသွားသည်ကို မြင်ရသည်။

ခြသေ့်၏ပါးစပ် အကျယ်ဆုံး ဟလိုက်ချိန်တွင် အစွယ်များ၊

www.burmeseclassic.com



သွားချွန်ချွန်မြည့်မြည့်များကို ဖြူနီးခနဲ မြင်လိုက်ရသောကြောင့် ကျွန်တော် ကြက်သီးထသွား၏။

ခြသေ့်က ကျွန်တော်၏ ဣန္ဒြေမဲ့သော အကြောက်တရားကို တွေ့သွားပြီး . . .

"မင်းက ဘယ်လိုဖြစ်လို့ တစ်ကိုယ်လုံး တုန်နေရတာလဲ"

"ခင်ဗျား. . . ခင်ဗျားရဲ့. . . ပါးစပ်ထဲက 'သွား' တွေ"

ကျွန်တော့် အဖြေစကားက မပြည့်စုံ။ အထစ်ထစ် အငေါ့ငေါ့ နှင့် မပီမသဖြစ်နေ၏။ ခြသေ့်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး . . .

"ငါ့သွားတွေက ဘာဖြစ်လို့လဲ၊ ကောင်းနေတာပဲ၊ ကိုက်လို့ ဝါးလို့ ရနေတာပဲ"

"အဲဒါကြောင့် ကြောက်တာပေါ့ဗျ၊ ခင်ဗျားသွားတွေက ချွန်မြည့် နေတာပဲ၊ အဲဒီ 'သွား' တွေနဲ့များ ကျုပ်ကို ကိုက်လိုက်ရင်. . ."

"မင်း. . . သိပ်ကြံကြံစည်စည် တွေးတဲ့ကောင်ပဲ၊ ဘာဖြစ်လဲ၊ သွား ဆိုတာ ကိုက်ဖို့ ဝါးဖို့အရာပဲ မဟုတ်လား။ ကဲ. . . မင်းမှာကော 'သွား' မရှိလို့လား"

ခြသေ့်၏ အမေးစကားကြောင့် ကျွန်တော် တွေတွေဝေဝေ ဖြစ်သွားပြီး. . .

"အင်း. . . ရှိတယ်"

ဟု ဖြေလိုက်မိ၏။

ထို့နောက် . . . ကျွန်တော့်ပါးစပ်ကို ဟ ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်က ကျွန်တော့် 'သွား' များကို . . . စိတ်ဝင်တစား ကြည့်လိုက်ပြီး . . .

"ဟင် . . . မင်းပါးစပ်ထဲက တချို့သွားတွေက ရွှေကွပ်ထား ပါလားကွ၊ ပြောင်ပြောင်လက်လက်နဲ့၊ ဘာဖြစ်လို့လဲ"

"အဲဒါက ပိုးစားထားတဲ့သွားတွေဗျ"

ခြသေ့်၏ မျက်လုံးအစုံက ဝမ်းနည်းကြေကွဲမှုဖြင့် မှေးစင်း မှုန်ရီသွားသည်ကို မြင်ရ၏။ နောက် ခြသေ့်က . . .

"ခက်တယ်ကွာ . . . သိပ်ခက်တာပဲ၊ မင်းတို့လူတွေရဲ့ လောက က ကမောက်ကမ လောကကြီးပါကွာ၊ တကယ်အလုပ်လုပ်နေရတဲ့ 'သွား' အကောင်းကိုတော့ ဘာမှ အသိအမှတ်မပြုဘူး။ ပိုးစားတဲ့ . . . အလုပ် မလုပ်တဲ့ 'သွား' ကျတော့ . . . ရွှေတွေကိုဝင်းလို့"

သူနားလည်အောင် ကျွန်တော် ဘယ်လို ရှင်းပြရမလဲမသိပါ။ ကျွန်တော် တိတ်တိတ်ကလေး နေလိုက်သည်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၃)

ခြသေ့်က ကျွန်တော့်ကို စိုက်ကြည့်နေသည်။

သည်တစ်ခါတော့ ကျွန်တော့်ပါးစပ်ထဲက ရွှေသွားများကို ကြည့်နေခြင်းမဟုတ်ပါ။ ကျွန်တော့်ကိုယ်ပေါ်က ရွှေဆွဲကြိုးများ၊ ရွှေလက်စွပ်များ၊ ရွှေလက်ပတ်ကြိုးများ . . . . ။ နောက် ခြသေ့်က စိတ်မကောင်းဟန်ဖြင့် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။ လည်ဆံမွေးရိုင်း ကြမ်းကြမ်းတွေ လှုပ်ခတ်ဝှေ့ဝဲသွားကြသည်ကို မြင်ရသည်။ သားစိမ်းညှီနံ့က ပိုပြီး ဆိုးဆိုးရွားရွား နံစော်လာ၏။ အနံ့ဆိုးတွေက ကျွန်တော့် လည်ပင်းထဲအထိ. . . ။ ကျွန်တော် အသက်ရှူကျပ်လာသည်။ ခြသေ့်က စကားတစ်ခွန်းပြော၏။

"လက်စသတ်တော့. . . မင်း. . . ကိုယ်တိုင်လည်း ရွှေကွပ်ထားတဲ့ လူပဲ။ ကေန္တ မင်းတစ်ကိုယ်လုံးလည်း ပိုးစားခံထားရတာဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ. . . ကျွန်တော် အော်ဟစ်လိုက်ဖို့ (သို့မဟုတ်) ခုန်ချ ထွက်ပြေးဖို့ ကြိုးစားလိုက်သည်။ သို့သော် . . . ကြောက်လွန်းသော ကြောင့် မရွေ့၊ မလှုပ်ရှားနိုင်၊ အသံ မထွက်။

ခြင်္သေ့က သက်ပြင်းတစ်ချက်ချလိုက်ပြီး . . .

"စိတ်မကောင်းပါဘူးကွာ၊ ဒါပေမဲ့ မင်း. . . စဉ်းစားကြည့်လေ၊ လူဟာ လောကကြီးအတွက် အသုံးဝင်တာ တစ်ခုခု အလုပ် မလုပ်ပေး နိုင်ဘူးဆိုရင်. . . ဘာဖြစ်လို့ အသက်ရှင်နေတော့မှာလဲ၊ ဟုတ်တယ် မဟုတ်လား"

ခြင်္သေ့က ကျွန်တော့်ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်၏။ ထို့နောက် ကျွန်တော် သေဆုံးသွားသည်။

●



www.burmeseclassic.com

www.burmeseclassic.com



နောင် . . . ရာစုနှစ်ပေါင်းများစွာကြာမြင့်ပြီးသောအခါ ရှေးဟောင်းသုတေသီပညာရှင်များသည် ကျွန်တော့်အလောင်းပုံစံ အရိုးစုများကို တူးဖော်ရှာဖွေတွေ့ရှိကြသည်။ အရိုး အဆွေး အမြေ့ ပုံကြားမှ အရောင်လက်နေသော ရွှေသွား ငါးချောင်း ကို ပညာရှင် တစ်ယောက်က ကောက်ယူလိုက်ပြီး . . .

"အင်း. . . ဒီလူ့တစ်ကိုယ်လုံးမှာ တန်ဖိုးရှိတာဆိုလို့ ဒီရွှေသွား တွေပဲရှိတယ်"

ဟု ပြော၏။ သူနားလည်အောင် ကျွန်တော် ဘယ်လိုရှင်းပြရ မလဲ မသိပါ။

ကျွန်တော် တိတ်တိတ်ကလေး နေလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

ပုစ္ဆာ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ယခု သူစိုးရိမ်နေသောကိစ္စမှာ 'သေဆုံးခြင်း' မဟုတ်သလို 'ရှင်သန်ခြင်း' လည်း မဟုတ်ပါ။ သေခြင်းနှင့် ရှင်ခြင်းတို့၏ အကြားတွင် ရှိသော 'သုည' ကလေးတစ်လုံးသာဖြစ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၂)

ငါ. . . တကယ်ဆို ဒီနေရာကနေ ခပ်မြန်မြန် ထွက်သွားသင့်တာဟု သူတွေးလိုက်၏။ သို့သော် သူ့ခြေဆောက်တွေ လှုပ်ရှား၍ မရသေး။ တိတိကျကျ ပြောရလျှင် လွန်ခဲ့သည့် နာရီဝက်လောက်ကတည်းက ဟောဒီ တယ်လီဖုန်းရုံကလေး နံဘေးမှာ သူရှိနေဖို့ မလိုအပ်တော့ပါ။

သူ့မိတ်ဆွေကြီး (လောကကြီးထဲတွင် သူနှင့်အတူ အသက်ရှင်ကျန်နေရစ်သေးသည့် တစ်ဦးတည်းသောမိတ်ဆွေ) ရှိရာ မသန်မစွမ်းသူများ စောင့်ရှောက်ရေးဂေဟာ ဆီသို့ သူ လာလည်မည့်အကြောင်း တယ်လီဖုန်းဆက်ပြီးပြီဖြစ်သည်။ တကယ်တော့ သူ့မိတ်ဆွေက ခြေလက်အင်္ဂါ ထိခိုက်ခံထားရသည့် မသန်မစွမ်းသူတစ်ယောက် မဟုတ်ခဲ့ပါ။ သို့သော် အသက်ခြောက်ဆယ် ပြည့်သွားသည့် နေ့ကတည်းကစ၍ ထိုဂေဟာမှာပင် ကျန်သည့်သက်တမ်းကို ကုန်ဆုံးပစ်ရန် ဆုံးဖြတ်လိုက်


www.burmeseclassic.com

www.burmeseclassic.com



ပြီး သွားရောက်နေထိုင်ခဲ့လေသည်။

ဘာကြောင့်ဆိုသည်ကိုတော့ သူသိခွင့်မရခဲ့။ (ထို မိတ်ဆွေနှင့် ကြိမ်ဖန်များစွာ တယ်လီဖုန်းစကား ပြောဖြစ်သည့်တိုင် 'ဘာကြောင့် ခင်ဗျား အဲဒီဂေဟာမှာ သွားနေရတာလဲ' ဟူသည့် မေးခွန်းကို မမေးမိခဲ့ခြင်းသည် သူ့အားနည်းချက် ဖြစ်နိုင်ပါသည်) သူ ထိုမေးခွန်း၏ အဖြေကို သိလည်းမသိချင်ပါ။

'အိုမင်းမစွမ်း' ဆိုသည့် စကားလိုပဲပေါ့။ အိုမင်းလာတဲ့ လူတစ်ယောက်ဟာလည်း မသန်မစွမ်းဖြစ်လာတာနဲ့ ဘာထူးလို့လဲ ဟု သူ စိတ်ဓာတ်ကျစွာ တွေးဖြစ်၏။ ထိုမိတ်ဆွေအဖို့ မသန်မစွမ်းသူများ စောင့်ရှောက်ရေးဂေဟာတွင်သွားရောက်နေထိုင်သည်မှာ သဘာဝကျသော ကိစ္စတစ်ခုဟု ယူဆကြည့်၍ ရနိုင်ပါသည်။

တစ်ခု ထူးခြားသည်မှာ 'အိုလျှင် မစွမ်းတော့ကြောင်း' ကို ထို မိတ်ဆွေက သူ့ထက် ဆယ်နှစ်စောစွာ သိနားလည်သွားခြင်းသာ ဖြစ်သည်ဟု သူ အောက်မေ့လိုက်၏။

သူကိုယ်တိုင်သည်ပင် ဒီနေ့ အသက်ခုနစ်ဆယ်ပြည့်ပြီ ဖြစ်လေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



'ငါ . . . တကယ်မစွမ်းတော့ဘူး' ဟူသည့် အတွေးဖြင့် တယ်လီဖုံးရုံကလေးကိုမှီကာ သူတုန်လှုပ်စွာ ရပ်နေမိသည်။

ဘုရားရေ . . . ငါငယ်ငယ်တုန်းက ဘာတွေ မျှော်လင့်ခဲ့မိပါလိမ့်။ သူ့မှာ နဝရတ်ကိုးသွယ် စီခြယ်သော အိပ်မက်များရှိခဲ့မည်။ ပူနွေးနွေးနှလုံးသွေးတို့ လှည့်ပတ်ကာ တဆတ်ဆတ် ခုန်နေသည့် နုနယ်ပျိုမြစ်သော လူငယ်လေး တစ်ယောက်၏စိတ်ကူးများ ရှိခဲ့မည်။ အချစ်များ၊ အလွမ်းများ၊ မျှော်လင့်ချက်များ၊ ပန်းနုရောင် တောက်ပသည့် ရယ်မောသံများ၊ ဘဝကို မြတ်နိုး တွယ်တာတတ်ခြင်းတို့ဖြင့် ထွန်းညှိထားသော အလင်း ဆီမီးများ၊ အနမ်းကဲ့သို့ နွေးထွေးသော တယောသံများလည်း ရှိခဲ့ပေလိမ့်မည်။

အို . . . ငါ့အတွက် အရာရာ ရှိနေခဲ့မှာပေါ့လေဟု သူတွေးလိုက်၏။ ဘာပဲဖြစ်ဖြစ် . . . ထိုအရာများသည် 'ရှိသော' အရာများ မဟုတ်ကြတော့ဘဲ 'ရှိခဲ့သော' အရာများသာလျှင် ဖြစ်သွားကြလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



သူ မှီရပ်နေသော တယ်လီဖုန်း ရုံကလေးဆီမှ လှမ်းကြည့်လိုက်လျှင် ပန်းခြံတစ်ခုကို မြင်နေရသည်။ ကောင်ကလေးတွေ၊ ကောင်မကလေးတွေ စကားပြောဆိုရင်း ရယ်မောနေကြသည်။ လက်ချင်းတွဲယှက်ကာ လမ်းလျှောက် နေကြသည်။ တစ်ယောက်နှင့်တစ်ယောက် ကျီစယ်နောက်ပြောင်နေကြသည်။

ဟော . . . ဟိုမှာ အနီရောင်ဆွယ်တာ နဲ့ ကောင်မလေးတစ်ယောက်။ ခေါင်း အငှဲလိုက်တွင် ဆံပင်တွေ ဖြတ်ခနဲ ခါယမ်းဝေ့ဝဲသွားလိုက်ပုံ . . .။ အို . . . ငါ ဒါတွေကို ဘယ်မှာ မြင်ဖူးခဲ့ပါလိမ့်။

ကောင်မလေး၏ဘေးတွင် ရပ်နေသော အမျိုးသားက ထီးတစ်ချောင်းကိုဖွင့်ရန် ကြိုးစားနေ၏။ ကောင်မလေးက သူ့ချစ်သူလက်ထဲမှ စာအုပ်တစ်အုပ်၊ နှစ်အုပ်ကို လှမ်းယူပြီး ကိုင်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ထီးဖွင့်၍ရသွားသောအခါ စာအုပ်ကို ပြန်ယူလိုက်ပြီး ကျန်လက်တစ်ဘက်ဖြင့် ကောင်မလေးကို ထီးမိုးပေးလိုက်သည်။

နောက် .. သူတို့နှစ်ယောက် တစ်စုံတစ်ခုကို ခပ်တိုးတိုး ပြောပြီး ရယ်လိုက်ကြသည်။ ကောင်မလေးက သူမချစ်သူ၏ ထီးကိုင်ထားသည့်လက်ကို တွဲမှီလိုက်ပြီး နှစ်ယောက်အတူ လမ်းဖြတ်ကူးလာကြ၏။

●



www.burmeseclassic.com

www.burmeseclassic.com



သူ တယ်လီဖုန်းရုံကလေးကို အားပြု၍ ရပ်ကာ ချစ်သူ စုံတွဲကလေးကို ငေးကြည့်ရင်း လက်တွေ၊ ခြေထောက်တွေ တဆတ်ဆတ် တုန်လာ၏။ ဟင့်အင်း . . . မဟုတ်သေးပါဘူး။ ငါ့တစ်ကိုယ်လုံး တုန်ရင်နေတာပါ။

ဩော် . . . လူငယ်ကလေးတွေ. . . ။

●



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦးက သူ့နံဘေးမှ ဖြတ်လျှောက်သွားကြ၏။ သူ တစ်ခုခု လှမ်းပြောလိုက်မိတော့မလိုလို ဖြစ်သွား၏။

အနည်းဆုံး . . .

"မင်းတို့ ဘာလုပ်နေကြတာလဲ"

ဟု သူမေးလိုက်ချင်နေသည်။ သို့သော် သူ့ပါးစပ်က ဘာသံမှ ထွက်မလာခဲ့။ ဪ. . . သူတို့လေးတွေမှာ လုပ်စရာတွေ အများကြီး ရှိနေကြမှာပေါ့။ ကျောင်းတက်ကြမည်။ ကျူရှင်သွားမည်။ အပျင်းပြေ ရုပ်ရှင်ကြည့်မည်။ ဝါသနာပါရာ တစ်ခုခုထဲ ခုန်ဆင်းကြည့်မည်။ သို့မဟုတ် အသစ်တစ်ခုခုကို စမ်းသပ်မည်။ သို့မဟုတ် ငွေရှာမည်။ မျှော်လင့်ချက်တစ်ခုခုကို တည်ဆောက်မည်။ ချစ်သူနှင့် တီးတိုး (ဘာမှ လည်း သိပ်အရေးမကြီးလှသော) စကားများကို အလေးအနက်ထားပြီး ပြောမည်။ နောက် ချစ်သူနှင့် ခေါင်းချင်းဆိုင်ပြီး ရယ်မောမည်။ အို



www.burmeseclassic.com

www.burmeseclassic.com



. . . အများကြီးပါပဲ၊ အများကြီး။

လူငယ်ဘဝမှာ လုပ်စရာတွေ အများကြီးရှိသည်။

●

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ကရော. . .

ငါ တစ်ခုခု လုပ်နိုင်ခဲ့သလား ဟု သူ ပြန်စဉ်းစားနေမိသည်။ ငါ့အတွက်၊ နိုင်ငံအတွက်၊ ပောဒီကမ္ဘာကြီးအတွက်၊ သို့မဟုတ် တစ်ယောက်ယောက်အတွက်။

ဘုရားရေ . . . ငါ လုပ်ခဲ့ပြီးပြီလား၊ ဒါမှမဟုတ် ဘာမှ မလုပ်ရသေးဘူးလား။

သူမသိပါ။ သူ့ကိုယ်သူ 'သေခြင်း' နှင့် ရှင်ခြင်းအကြားတွင် ရောက်နေရသော သူညတစ်လုံး ဟု ခံစားလိုက်ရလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

သိမ်းဆည်းထားသော အရက်များ

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားဆောင်ထဲသို့ သူ လှမ်းဝင်လိုက်သောအခါ လက်ဖက်ရည်ဖျော်နေသော မိတ်ဆွေကို တွေ့ရသဖြင့် သူက . . .

'ခင်ဗျား ဘာလုပ်နေတာလဲ' ဟု လှမ်းမေးမိလျက်သား ဖြစ်သွား၏။ မိတ်ဆွေဖြစ်သူက . . .

"လက်ဖက်ရည် ဖျော်နေတာလေကွာ"

သူက 'ဘယ်သူ့ဖို့ ဖျော်နေတာလဲ' ဟု ထပ်မေးလိုက်၏။ သူ့မိတ်ဆွေက သွားများမရှိတော့သည့် သွားဖုံးများ ပေါ်လာသည်အထိ ပြုံးလိုက်ရင်း . . .

"သောက်ချင်မယ့်သူ တစ်ယောက်အတွက်ပေါ့ကွာ"

ဟုဖြေသည်။ သူက မိတ်ဆွေအဘိုးကြီးကို ငေးကြည့်နေမိသည်။ နောက် နားမလည်နိုင်စွာဖြင့် . . .

"သောက်ချင်တဲ့သူက သူ့ဘာသာသူ ဒီ လက်ဖက်ရည်ဖျော်တဲ့နေရာလာပြီး ဖျော်သောက်လိမ့်မပေါ့။ ခင်ဗျားက ဘာဖြစ်လို့ ဖျော်ပေးနေရတာလဲ"

သူ့မိတ်ဆွေကြီးက သက်သောင့်သက်သာပင် ပြန်ဖြေ၏။

"ဘာဖြစ်လို့ ဖျော်နေရတာလဲဆိုတော့ အခု ငါက လက်ဖက်ရည် ဖျော်တဲ့နေရာမှာ ရှိနေတာကိုး"

■



www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို ဝက်ဝံရုပ် လှလှကလေးတွေပါသော ပလတ်စတစ် ကွန်ပါဘူး သေးသေးကလေး တစ်ဘူးထဲမှာ ကလေးငယ် တစ်ယောက်၏ စိတ်ကူးအိပ်မက်တွေ ဘယ်လောက်များများကို ထည့်သွင်း သိုလှောင် ထားဖို့ရန် ဆုံနိုင်မည်နည်းဟု ကျွန်တော် စဉ်းစားနေမိသည်။

ကွန်ပါဘူးအဖုံး အဖြူရောင်ပေါ်မှာ အပြာနုနှင့် ငွေရောင် အနားသတ်ထားသည့် တိမ်တိုက်တွေ လွင့်မျောနေပုံပါ သည်။ ရေခဲအိမ် ပုပုကလေးပါသည်။ မျက်လုံးကလေး အပြူးသားဖြင့် ငါးဖမ်းနေသည့် ပင်လယ်ဖျံတစ်ကောင်ပုံပါသည်။ နှင်းတွေကို အဆုပ်လိုက် အဆုပ်လိုက် စုပုံကာ ဆော့ကစားနေသည့် ဝင်ရိုးစွန်း ဝက်ဝံဖြူငယ်ကလေး နှစ်ကောင် ပါသည်။ သည်လောက်ဆိုရင် လုံလောက်ပြီမဟုတ်လား. . . ဟု ကိုယ့် စိတ်ကို ကိုယ်ပြန်မေးရင်း ကျွန်တော် ကျေနပ်နေမိ၏။

ကလေးငယ်တစ်ယောက်အဖို့ ကမ္ဘာကြီး၏ အစွန်အဖျား



www.burmeseclassic.com

www.burmeseclassic.com



ဒေသတစ်ခုဆီ အိပ်မက်တွေကို စီးနှင်၍ ခရီး ထွက်ခွာခွင့်ရရန်မှာ သည်မျှနှင့်ပင် တကယ် လုံလောက်နေပြီ ဖြစ်ပါသည်။ ကွန်ပါဘူးထဲတွင် ဘာသာရပ်ဆိုင်ရာ ပေတံများ၊ ကွန်ပါများ၊ ဒီဂရီတိုင်း စက်ဝိုင်းခြမ်းများ အစရှိသည့် ရှုပ်ရှုပ်ထွေးထွေး ခဲရာခဲဆစ်ကိရိယာများ ပါချင်မှပါတော့မည်။

ခဲတံ အတိုအစကလေးတစ်ချောင်းနှစ်ချောင်း၊ခဲဖျက်အပိုင်းအစကလေးတစ်ခု၊ ခဲတံချွန်စက်တစ်ခုစာမျှသာ ဆံ့သည့် ကွန်ပါဘူးလေး တစ်ဘူး၏ အဖုံးပေါ်တွင် ရေးခြယ်ထားသည့် ရောင်စုံရုပ်ပုံများ စိတ်ကူးနုးနုးညံ့ညံ့များလောက်နှင့်ပင် ကလေးတစ်ယောက်အတွက် ကောင်းစွာ ကျယ်ဝန်းနေပြီဖြစ်ပါသည်။

ကျွန်တော့်ဆရာ၏ သမီးငယ်ကလေး သုံးတန်း တက်ခါစတွင် ကွန်ပါဘူး လိုချင်သည်ဟု ပူဆာသောကြောင့် ဝယ်ပေးခဲ့ရသော ကွန်ပါဘူးလေးဖြစ်သည့်အကြောင်း သင်တို့ကို ပြောပြမှပြည့်စုံလိမ့်မည် ထင်ပါသည်။ အဲသည်နေ့က ဆရာက ကျွန်တော့်ကိုခေါ်ကာ စတိုးဆိုင်များကို တစ်ဆိုင်ဝင်၊တစ်ဆိုင်ထွက်ရှာနေပုံကို ပြန် တွေးမိတိုင်း ကျွန်တော် ပြုံးဖြစ်၏။ (ကျွန်တော့်ဆရာက ကုန်စျေးနှုန်းများ၊ ကုန်ပစ္စည်းများ၊ စျေးရောင်းစျေးဝယ်ကိစ္စများအကြောင်း တစ်လုံးတစ်ပါဒမှ နားလည်သူမဟုတ်ပါ)

အသက် (၅၀) ကျော် အဖိုးကြီးတစ်ယောက်က (၈)နှစ် (၉)နှစ် အရွယ်၊ သမီးကလေးအတွက် ကွန်ပါဘူးတစ်ဘူး ဝယ်ပေးဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေပုံကို သင်တို့မျက်စိထဲမြင်အောင် ကြည့်ကြစေလိုပါသည်။ ပစ္စည်းတစ်ခုကို ကိုင်ကြည့်လိုက်၊ ပြန်ချထားလိုက်၊ ဈေးမေးလိုက်၊ မယောင်မလည် လုပ်လိုက်၊ ပစ္စည်းနောက်တစ်ခုကို ကိုင်လိုက်၊ တောင်ပြော၊ မြောက်ပြော ပြောလိုက် ရှက်ကိုးရှက်ကန်းဖြစ်နေလိုက် . . .

နောက်ဆုံး ကျွန်တော်က မနေနိုင်သဖြင့် ဝက်ဝံရုပ်ကလေးပါသော ပလတ်စတစ် ကွန်ပါဘူးကလေးကို ရွေးပေးလိုက်သောအခါ ဆရာက အတော်ကြာအောင် တွေဝေနေပြီး . . .

"ကောင်းပါ့မလားကွ. . . ကွန်ပါဘူးလေးက သေးသေးလေး၊ သိပ်များများစားစား ဆံ့မှာ မဟုတ်ပါဘူးထင်တယ်"

ကျွန်တော် အသံထွက်အောင်ပင် ရယ်ဖြစ်၏။

ကျွန်တော့်ဆရာ ရှုပဗေဒ ပါမောက္ခကြီး၏ အတွေးတွေသည် အလျား၊ အနံ၊ အမြင့် စသော အတိုင်းအတာတွေထဲမှာ နစ်မြုပ်နေသည်မှာ မည်မျှကြာပြီလဲ။

"ဆရာ့သမီးလေးက အခုမှ သုံးတန်းတက်မှာပဲ ဆရာရယ်၊ ဘာပစ္စည်းမှ များများစားစား ထည့်စရာလိုတာမှ မဟုတ်တာ"

ကလေးတစ်ယောက်အတွက် စိတ်ကူးတွေ လှုပစေမည့် အရာဝတ္ထုတစ်ခု၏ အကျယ်အဝန်းကို ပေ၊ လက်မ၊ မီတာများဖြင့် တိုင်းတာ၍ မရသည့်အကြောင်း ဆရာ့ကို ကျွန်တော် ပြောပြဖြစ်သည်။ တစ်ချိန်တည်းမှာပင် (Robert Buchan) ၏ ကမ္ဘာကျော်အက်ဆေးထဲမှ စာပိုဒ်တစ်ပိုဒ်ကို သတိရမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အသက်ကြီးသူတို့အတွက် ဆုံးရှုံးသွားသော အခွင့်အရေးမှာ အရုဏ်တက်ချိန်ကို ခံစားခွင့် မဲ့သွားခြင်းပင် ဖြစ်ပါသည်"

ကျွန်တော် ပြောချင်သော အကြောင်းအရာမှာ အရုဏ်တက်ချိန် အကြောင်းလား၊ ကွန်ပါဘူးအကြောင်းလား၊ အိုမင်းခြင်း၊ နုပျိုခြင်း ဟူသော အသက်အရွယ်အကြောင်းလား၊ ကျွန်တော့်ဆရာအကြောင်းလား၊ ကျွန်တော်ကိုယ်တိုင်လည်း ကွဲကွဲပြားပြားမသိပါ။ သင့်ကိုသာလျှင် ဆုံးဖြတ်ခိုင်းရပါတော့မည်။

ကျွန်တော် ရူပဗေဒ မဟာသိပ္ပံတန်း ကို အောင်မြင်ပြီးဆုံးသွားသောအခါ ဆရာက ကျွန်တော့်ကို လက်ဆောင်ပစ္စည်းတစ်ခု 'ဆု' အဖြစ်ပေး၏။

ကျွန်တော် ဖွင့်ကြည့်သောအခါ အရုပ်ရောင်စုံကလေးတွေ ပါသော ပလတ်စတစ် ကွန်ပါဘူးလေးဖြစ်နေသည်ကို တွေ့ရသော ကြောင့် ပါးစပ်က လွှတ်ခနဲ . . .

"ဟင်. . . ဆရာ ကျွန်တော့်ကို ပေးတာကလည်း ကလေးကိုင် တဲ့ပစ္စည်းလေး"

ဆရာက ကျွန်တော့်ကို အံ့ဩသော၊ ဝမ်းနည်းသော အကြည့်ဖြင့်ကြည့်နေရင်းတစ်စုံတစ်ရာမှားယွင်းသွားသူ တစ်ယောက်က ညည်း တွားသံဖြင့် ပြော၏။

"ဟေ . . . မင်းက ကလေး မဟုတ်ဘူးလား"

အဲသည် ကွန်ပါဘူးကလေးကို ကျွန်တော် အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



အိုမင်းလာပြီး အရုဏ်တက်ချိန်များကို မခံစားနိုင်တော့ချိန်အထိ တသသ ကြည့်နေဖြစ်မှာ သေချာပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့်ကိုရိုးယူသွားတဲ့ အစောင့်

www.burmeseclassic.com

www.burmeseclassic.com

(၁)

သည်လိုနှင့် . . .

စိတ်ချောက်ချားစရာ အမှောင်များ၊ လျှို့ဝှက်ကွယ်ဖုံးထားသော အရောင်အဆင်းများ၊ မသတီစရာအနံ့အသက်များဖြင့် တည်ဆောက်ထားသည်ဟု အောက်မေ့ချင်စရာကောင်းသည့် မြို့စွန်မှ ဂိုဒေါင်ဟောင်းကြီးရှေ့သို့ ကျွန်တော် ရောက်လာခဲ့ရတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၂)

သည်မြို့ကလေးကို ရောက်စကတည်းက ထိုဂိုဒေါင်ဟောင်းကြီးနှင့် ပတ်သက်၍ ကျွန်တော့်အာရုံကြောမျှင်များကို တစ်စုံတစ်ခုက ကြိုးလို အဖုအထုံးဖြစ်အောင် ချည်နှောင်လိုက်သည်ဟု ခံစားရ၏။ ဂိုဒေါင်က ဟောင်းနွမ်းအိုမင်းလှပြီ။ ကာရံထားသော သွပ်ပြားတိုင်းလိုလိုတွင် အရိအဆွေးများ၊ သံချေး အကွက်အဖတ်များ၊ အပေါက်များကို မြင်ရ၏။ နှစ်ပရိစ္ဆေဒပေါင်းများစွာ ကြာမြင့်လှပြီဖြစ်ကြောင်း မွဲတေကွဲကြေနေသော အရောင်အဆင်းကို ကြည့်ရုံဖြင့်သိနိုင်၏။

သည်လောက် ဟောင်းနွမ်း အိုမင်းနေတဲ့ ဂိုဒေါင်ကြီးထဲမှာ ဘာတွေကို သိုလှောင်သိမ်းဝှက်ထားသလဲ။

ဂိုဒေါင်တံခါးဝကို ခတ်ထားသော သော့ခလောက်ကြီးကတော့ ခနဲ့ညားပြောင်လက်လှသည်။ (ကျွန်တော် စ တွေ့တွေ့ချင်းတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ထိုသော့ခလောက်ကြီးသည် မင်းကွန်းခေါင်းလောင်းကြီးနီးနီးများ ရှိလေမလားဟု တွေးဖြစ်သေး၏။ သော့ခတ်ပိတ်ထားသော ဂိုဒေါင်တံခါးရှေ့တွင် ကုလားထိုင်တစ်လုံးချကာ ခန့်ခန့်ညားညား ထိုင်နေတတ်သော အစောင့်ကလည်း ကျွန်တော့် စိတ်ဝင်စားမှုကို သိမ်းပိုက်ထားနိုင်စွမ်းရှိသည်။ ပခုံးသား ကျယ်ကျယ်ဖြောင့်ဖြောင့်၊ ရင်အုပ်နှင့် လက်မောင်းတို့တွင် ကြွက်သားများ အဖုဖု အထစ်ထစ်၊ မျက်နှာပေါက် ဆိုးဆိုး၊ နှုတ်ခမ်းထူထူတွဲတွဲနှင့် လက်ထဲတွင် ဝါးရင်းတုတ်ကြီး တစ်ချောင်းကိုင်ကာ မတ်မတ်ကြီး ထိုင်နေသော ဂိုဒေါင်အစောင့် သည် ကျွန်တော့်မျက်စိထဲတွင် (ငယ်ငယ်တုန်းက တောမြို့ကလေးများ၌ ပြသတတ်သည့် ခပ်ညံ့ညံ့ ရုပ်ရှင်ကားအဟောင်းထဲမှ လူကြမ်းကြီးနှင့် တူနေလေသည်)

ထို့ကြောင့် သည်မြို့ကလေးတွင် ဆယ့်လေးငါးရက်ခန့် နေပြီးသည့်နောက် ထိုဂိုဒေါင်အစောင့်နှင့် ရင်းနှီးသွားသောအခါ သူ့နာမည်ကို 'ဘဒင်ကြီး' ဟု သိရသည့်တိုင် ကျွန်တော် တအံ့တဩ မဖြစ်မိတော့ပါ။ သူ့နာမည်ကလည်း ရုပ်ရှင်လူကြမ်းဆန်ဆန်ပင်ဖြစ်ရာ လိုက်ဖက်ညီသည်ဟု ကျွန်တော် တွေးမိပြီး သဘောကျသွား၏။

ကျွန်တော်က သူ့ကို ထိုအကြောင်းပြောပြပြီး . . .

"ခင်ဗျား ဒီဂိုဒေါင်အစောင့် မလုပ်ခင်က ဘာ အလုပ်လုပ်ခဲ့သလဲ၊ ရုပ်ရှင်လူကြမ်းလား"

ဟု မေးသောအခါ သူက ပြန်မဖြေဘဲ တဟဲဟဲရယ်နေပါသည်။ (ကျွန်တော်ပြောလိုက်ခါမှ သူက ရုပ်ရှင်လူကြမ်းအသံ နှင့် မတူတူအောင် တမင်ကြီးစား လုပ်ယူပြီး ရယ်နေသောကြောင့် ကျွန်တော်

www.burmeseclassic.com



အမြင်ကတ်သွား၏)

နောက်. . . ကျွန်တော်က သူ့ကို . . .

"ခင်ဗျား ဘာတွေကို စောင့်ရှောက်နေတာလဲ၊ ဂိုဒေါင်ထဲမှာ ဘာတွေရှိလို့လဲ"

ဟု မေးကြည့်သောအခါတွင်လည်း သူက ဘာမှပြန်မဖြေဘဲ တဟဲဟဲသာ ရယ်နေတတ်ပါသည်။ ထိုကိစ္စသည် လုံးဝ ပဟေဠိ တစ်ရပ် ဖြစ်၏။

ဂိုဒေါင်ထဲမှာ ဘာတွေရှိသလဲ။

ဘာဖြစ်လို့ သော့ခလောက်အကြီးကြီး ခတ်ထားရတာလဲ။

ဂိုဒေါင်အစောင့်က ဘာတွေကို စောင့်ရှောက်နေရတာလဲ။

●



www.burmeseclassic.com

www.burmeseclassic.com

(၃)

တစ်ရက်တွင် ဂိုဒေါင်စောင့် ဘဒင်ကြီးကို အရက်တွေ မူးအောင် တိုက်ပြီး ကျွန်တော် မေးဖူးသည်။ ဘဒင်ကြီးက ...

"ဂိုဒေါင်ထဲမှာလား. . . ဘာမှမရှိဘူးကွ၊ တကယ်ပဲ. . . ဘာမှ မရှိဘူး'

ကျွန်တော် မယုံပါ။ သူက အာလေးလျှာလေးသံကြီးဖြင့် တမင် လုပ်ပြောနေသော်လည်း လက်ထဲမှ ဝါးရင်းတုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားဆဲဖြစ်သည်ကို ကြည့်ရုံဖြင့် (သူ့အမူအရာများက ဖော်ပြ သလောက်) တကယ် မမူးသေးကြောင်း ကျွန်တော်သိလိုက်၏။

ထို့ကြောင့် ကျွန်တော်က ...

"ဘာမှမရှိဘူးဆိုရင်. . . ခင်ဗျားက ဘာကို စောင့်ရှောက် နေရတာလဲ"

ဟုမေးလိုက်သည်။ ဘဒင်ကြီးက ကျွန်တော့်ကို အရှိုးရောင်



www.burmeseclassic.com

www.burmeseclassic.com



ခပ်မှိုင်းမှိုင်း အကြည့်တစ်ချက်ဖြင့် လှမ်းကြည့်ရင်း . . .

"ဒီမြို့ကလေးမှာ သူခိုးတွေများတယ်ကွ"

ဟု ပြန်ဖြေပါသည်။ လိုချင်သည့်အဖြေကို မရသော်လည်း ကျွန်တော် ဆက် မမေးတော့ပါ။

နောက်ပြီး သူပြောသလို ဒီမြို့ကလေးမှာ သူခိုးတွေများသည် ဆိုခြင်းမှာလည်း အမှန်ပင်ဖြစ်၏။ သည်မြို့ကို ကျွန်တော်ရောက်ပြီး ရက်သတ္တပတ် နှစ်ပတ်အတွင်းမှာပင် 'သူခိုး ဟု အခေါ်ခံရသူ' ချာတိတ် ဆယ့်လေးယောက်ထက် မနည်း တွေ့ခဲ့ရဖူးပြီ။ (သူတို့ကို 'သူခိုး' အဖြစ် 'အမည်တပ်' ရလောက်အောင် အားလုံးက ပေါ်ပေါ်ထင်ထင် သိနေကြသည်မှာလည်း ဆန်းကြယ်ခြင်းတစ်မျိုးဖြစ်၏။ ဘာကြောင့်ပါလိမ့် . . .)

ကျွန်တော် ဘာကို ယုံကြည့်ရမလဲ။

ကျွန်တော်ဘာတွေ ထင်မြင်ပစ်လိုက်ရမှာလဲ။

●



www.burmeseclassic.com

www.burmeseclassic.com

(၄)

တစ်ခုခုကို သိလို ယုံကြည်လိုသောစိတ် ဆိုသည်မှာ ကွမ်းယာဝါးသူများ၏ စိတ်နှင့် ခပ်ဆင်ဆင် တူလိမ့်မည်ဟု ကျွန်တော် ထင်သည်။ ဘာမှတော့ မဟုတ်ပါ။ ဝါးရင်း နှင့် အရည်တွေ ထွက်လာသောအခါ ထွေးထုတ်ပစ်လိုက်သည်။ နောက်အရည်တွေ မထွက်တော့သည့်အခါ အဖတ်တွေကိုပါ ထွေးထုတ်ပစ်လိုက်သည်။ ကိစ္စပြီးပြီ။ ဒါပါပဲ။ သို့သော် ဝါးနေကျကွမ်းယာ ပါးစပ်ထဲတွင် မရှိသည့်အခါ တစ်ခုခု လိုအပ်နေသလို ကသိကအောက်ဖြစ်တတ်၏။

လူတွေ. . . ယုံကြည်စိတ် ကို ကွမ်းယာလို ဝါးနေကျအကျင့် ရနေ ကြသည်။ ကျွန်တော်လည်း ပါသည်။ ကောင်းပါတယ်လေ ဟု ကျွန်တော် တွေးမိ၏။ လူဆိုတာ တစ်ခုခုကို ယုံကြည်နေမှပေါ့. . .။ လူဆိုတာ ပါးစပ်ထဲမှာတစ်ခုခုကို ဝါးနေမှပေါ့ . . .။ လူစွမ်းကောင်း ဗျတ်ဝိက သူ အသတ်ခံရခါနီးမှာ ကွမ်းတစ်ယာနှင့်ရေတစ်မှုတ်


www.burmeseclassic.com

www.burmeseclassic.com



တောင်းသည့်ကိစ္စကို ကျွန်တော် လုံးဝ ထောက်ခံပါသည်။ သူသေမည့် အကြောင်းကို ယုံကြည်ပြီးပြီပဲ။ တခြား ဘာမှလည်း လုပ်စရာမရှိတော့ပါ။ ပျင်းစရာကြီး. . . တစ်ခုခုကို ဝါးနေတာပဲကောင်းလိမ့်မည်။

"ကြာကြာနဲ့ မာမာကလေး ဝါးချင်ရင် ငါ့ဖိနပ်ကိုက်နေပါလား"

ဟု ပြောဖူးသော သူငယ်ချင်းတစ်ယောက်ကို သတိရမိ၏။ အကယ်၍ သူသာ ဗျတ်ဝိ လို အကွပ်မျက်ခံရခါနီးလျှင် ဘာလုပ်နေမည်နည်း။ ဖိနပ်တွေများ လိုက်ဝါးနေမလား။ အင်း. . . မဟုတ်ရင်တောင် တစ်ခုခုတော့ လုပ်နေမှာပေါ့လေ။

လူဆိုသည်မှာ တစ်ခုခုကိုလုပ်နေဖို့ တကယ်ပင် လိုအပ်ပါသည်။ တစ်ခုခုကို သိနေဖို့ လိုအပ်ပါသည်။ (သို့မဟုတ် သိသည်ဟု ထင်နေဖို့ လိုအပ်ပါသည်) ကျွန်တော် အခုအချိန်အထိ သည်မြို့အစွန်မှ ဂိုဒေါင်ကြီးနှင့်ပတ်သက်၍ ဘာမှမသိသေးပါ။ ဘာကို ယုံကြည်ရမည်နည်း။ ဂိုဒေါင်ထဲမှာ ဘာမှ မရှိဘူးဆိုတာကို ယုံကြည်လိုက်ရမှာလား၊ တစ်ခုခုတော့ရှိရမည်ဟူသောအသိကို သိသည်ဟု ထင်ပစ်လိုက်ရမှာလား. . .။ ကျွန်တော့်စိတ်အာရုံ ပါးစပ်ထဲမှာ ဝါးစရာတစ်ခုခုတော့လိုနေပြီ။ (ကျေးဇူးပြု၍ ကွမ်းယာသော်လည်းကောင်း၊ ရော်ဘာဖိနပ်များကိုသော်လည်းကောင်း လာမပေးပါနှင့်။ ထိုအရာ နှစ်ခုစလုံးကို ကျွန်တော် မနှစ်သက်ပါ)

●

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်မှု တစ်ခုထဲတွင် အရာအားလုံး ရှိနိုင်ပါသည်။ အမည်နာမတစ်ခု ရှိမည်။ နာရီတစ်လုံးရှိမည်။ အပြုံးယောင်ဆောင်နေသော နားလည်မှုတစ်ခုရှိမည်။ နားလည်သည်ဟု ထင်မှတ်ထားသော လွဲချော်ခြင်းများလည်းရှိမည်။ တိကျအောင် ဖန်ဆင်းထားသော ပျောက်ဆုံးနေမှုများလည်းရှိမည် (လူ့ပါးစပ်ထဲတွင် သွား ၃၂ ချောင်းရှိဖို့အတွက် ထို 'သုံးဆယ့်နှစ်' ဟူသော ဂဏန်းအရေအတွက်ကို မည်သူ သတ်မှတ်ပေးခဲ့ပါသလဲ) အဆုံးသတ်သွားပြီဟု ထင်မှတ်ထားသော 'အစ' များလည်း ရှိနေပါလိမ့်ဦးမည်။

တကယ်တော့ 'သိမှု' အားလုံးသည် 'ပြန်လည်သိမှု' တွေချည်းသာဖြစ်၏။ ဂိုဒေါင်ဟောင်းကြီးထဲတွင် ကျွန်တော် သိထားသောအရာတွေထဲက တစ်ခုခုများ ရှိနေမလား ဟု ကျွန်တော် သိချင်နေသည်။ (ကိုယ်မသိထားသော အရာတစ်ခု၏ အမည်နာမကို မည်သူကမျှ ယောင်လို့တောင် စဉ်းစားကြည့်မည်မဟုတ်ပါ။ ဥပမာ. . . ထောင့်လေးထောင့်

www.burmeseclassic.com



ပါရှိသော တြိဂံတစ်ခု၏ ပုံသဏ္ဌာန် မည်သူတွေးပြီး ပုံဖော်ကြည့်ဖူးပါသလဲ) ကဲ. . . အပေါင်းတွေထဲကိုပဲ ပြန်လှည့်တွေးရအောင်. . .။

'အလျှင်လိုလမ်းအိုလိုက်'ဟူသော စကားပုံကို ကြားဖူးကြသည် မဟုတ်လား။ တကယ်လက်တွေ့တွင် ကျွန်တော်တို့သည် အလျှင်လိုသည်ဖြစ်စေ၊ မလိုသည်ဖြစ်စေ လမ်းအိုကိုသာ ခပ်လွယ်လွယ် လိုက်ပစ်လိုက်တတ်ကြသည်က များပါသည်။ လမ်းသစ်ကို ဘယ်သူဖောက်မှာလဲ . . .။

တကယ်ဆိုလျှင် လူ့ဘဝတွင် အလျှင်လိုစရာ ဘာကိစ္စမှ မရှိပါ။

●



www.burmeseclassic.com

www.burmeseclassic.com

(၅)

ကျွန်တော် တစ်မြို့လုံးကို လိုက်မေးကြည့်ပြီးပြီ။ တိကျသော အဖြေကိုမရ။ တချို့ကလည်း ဂိုဒေါင်ထဲတွင် အဖိုးတန်သော ပစ္စည်း တစ်ခုခု ရှိလိမ့်မည်ဟုသာ ထင်မြင်ချက်ပေးကြသည်။ တချို့ကလည်း လူတွေကို အန္တရာယ်ပေးနိုင်တဲ့ လက်နက် (သို့မဟုတ်၊ အလားတူပစ္စည်း တစ်ခုခု) ရှိလိမ့်မည်ဟု ခန့်မှန်း၏။ မသမာသူတွေလက်ထဲ ထိုပစ္စည်း ရောက်သွားလျှင် ဒုက္ခများကုန်လိမ့်မည်ဖြစ်သောကြောင့် ဘဒင်ကြီးက စောင့်ရှောက်နေရသည်ဟုလည်း ပြော၏။ တချို့ကလည်း. . . ဂိုဒေါင် ထဲတွင်ရှိသော ပစ္စည်းသည် အခြားသူများနှင့်မဆိုင်၊ ဘဒင်ကြီး၏ ဘိုးဘွားပိုင်ပစ္စည်းသာဖြစ်သောကြောင့် အမြတ်တနိုး စောင့်ရှောက်နေ ရခြင်းဖြစ်လိမ့်မည်ဟု ထင်ကြေးပေးကြသည်။

မည်သည့်အဖြေကိုမှ ကျွန်တော် စိတ်တိုင်းမကျ။



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းနွမ်းဆွေးမြည့်နေသော သွပ်ပြားများဖြင့် ကာထားသည့် ဂိုဒေါင်စုတ်ကြီး။ ခိုင်ခန့်ကြီးမားလှသည့် သော့ခလောက်၊ ဝါးရင်းတုတ်တစ်ချောင်းကိုင်ကာ နေ့ညမပြတ် စောင့်ကြပ်နေသည့်ဘဒင်ကြီး . . .၊ အား ! ! ! ဘာလဲ. . .၊ တစ်ခုခုတော့ တစ်ခုခုပါပဲ။

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နောက်ဆုံး ဆုံးဖြတ်ချက်ကိုချလိုက်ပြီး မြို့စွန် ဂိုဒေါင်ပျက်ကြီးဆီသို့ ထွက်ခဲ့၏။ ဘဒင်ကြီးနှင့်တွေ့သည့်အခါ ကျွန်တော်က . . .

"ကိုဘဒင်ကြီး၊ ကျွန်တော် နောက်ဆုံးမေးမယ်ဗျာ၊ ခင်ဗျားကို လည်း ဘာမှမထိခိုက်မနစ်နာစေရပါဘူး။ ကျေးဇူးပြု၍ ဖြေစမ်းပါ၊ ဟောဒီ ဂိုဒေါင်ထဲမှာ ဘာရှိသလဲ"

ဘဒင်ကြီးက ကျွန်တော့်ကို အေးစက်စက် ကြည့်လိုက်ပြီး. . .

"ဘာမှ. . . မရှိဘူးကွ"

ဟု ဖြေသည်။

ကျွန်တော် သူ့ရှေ့မှ လှည့်ထွက်ခဲ့၏။

သည်ည . . . ဂိုဒေါင်ထဲကို ကျွန်တော် ခိုးဝင်ရလိမ့်မည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၆)

သည်လိုနှင့် . . .

စိတ်ချောက်ချားစရာ အမှောင်များ၊ လျှို့ဝှက်ကွယ်ဖုံးထားသော အရောင်အဆင်းများ၊ မသတီစရာ အနံ့အသက်များဖြင့် တည်ဆောက်ထားသည့် ဂိုဒေါင်ဟောင်းကြီးရှေ့သို့ ကျွန်တော် ရောက်လာခဲ့ရတော့သည်။

ဂိုဒေါင်ရှေ့တွင် လင်းနေကျ မီးသီး က မလင်းသည့်အတွက် မှောင်မိုက်ခြင်းသည် ညအစစ်ထက်ပင် 'ည နှင့် ပိုတူနေလေသည်။ ဂိုဒေါင်ရှေ့ ပက်လက်ကုလားထိုင်တွင် ထိုင်နေကျ ဘဒင်ကြီးကိုလည်း မတွေ့ရ။ (ဘဒင်ကြီးက မီးလုံးကို တမင်မှိတ်ထားပြီး တစ်နေရာရာ ပုန်းကွယ်ကာ ကျွန်တော့်လှုပ်ရှားမှုများကို စောင့်ကြည့်နေလိမ့်မည်ဟု မတွေးတောခဲ့မိခြင်းက ကျွန်တော့် ညံ့ဖျင်းချက် သက်သေသာလျှင် ဖြစ်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင်အနီးသို့ ဖွဖွကလေး တိုးကပ်သွားပြီးသော့ ခလောက်ကြီးကို ကျွန်တော် ကိုင်ကြည့်လိုက်သည်။ ဖွင့်ရန် သော့တံရှိသည့်တိုင် ထို သော့ခလောက်ကြီးကို ကျွန်တော် တစ်ယောက်တည်း အားဖြင့် ချွတ်ရွှေ့ယူရန် မဖြစ်နိုင်လောက်အောင်ပင် ကြီးမားလေးလံလှ၏။

ကိစ္စမရှိပါ။

ဂိုဒေါင် ခြေရင်းဘက်ရှိ ရိဆွေး ပြုတ်ကွာနေသော သွပ်ပြားတစ်ချပ်ကို လူတစ်ကိုယ်စာ ဝင်ပေါက်ရလောက်သည်အထိ ကျွန်တော် ဆွဲခွာလိုက်သည်။ နောက် ထိုအပေါက်ထဲသို့ ကိုယ်ကို ကျုံ့၍ တိုးကာ ဂိုဒေါင်ထဲသို့ ဝင်လိုက်၏။

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အံ့ဩသွားသည်။ ဂိုဒေါင်တစ်ခုလုံးကို လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ နောက်တစ်ခါ သေသေချာချာ ထပ်ကြည့်လိုက်သည်။

တကယ်ပင်. . . ဘာမှ မရှိ။ အခန်းသည် ဟာလာဟင်းလင်း။ ဖုံမှုန့်များ၊ပင့်ကူမျှင်များ၊ကြွက်နံ့၊ပိုးဟပ်ချေးနံ့များနှင့်သချိုင်းဂူ အပျက်တစ်ခု ဆန်နေလေသည်။

သိချင်သည်ကို သိလိုက်ရပြီဖြစ်သောကြောင့် ကျွန်တော် ကျေနပ်သွား၏။ ဂိုဒေါင်ထဲမှပြန်ထွက်ရန် စောစောက ဝင်ပေါက်ဆီသွားပြီး ငုံ့လျှိုး တိုးလိုက်၏။ ထိုအချိန်မှာပင်. ကျွမ်းနေသည် ဟု ကျွန်တော်ထင်ထားခဲ့သော ဂိုဒေါင်မီးသီးသည် ဖျပ်ခနဲ လင်းလာသည်။ ကျွန်တော့်ကို ဘယ်အချိန်ထဲက စောင့်ကြည့်နေမှန်း မသိရသော ဘဒင်ကြီး၏ အသံသြသြဖြင့် . . .

"သူခိုးဗျို့. . . သူခိုး. . . ဂိုဒေါင်ထဲ သူခိုးဝင်နေလို့ပါ"

ဘဒင်ကြီးက ကျွန်တော့်နာမည်ကို ပိုင်ပိုင်နိုင်နိုင်ကြီးခေါ်ကာ



www.burmeseclassic.com

www.burmeseclassic.com



'သူခိုး' ဟု အော်ဟစ်တော့သည်။

အနီးအနားတွင်ရှိသော အိမ်များမှ မီးလင်းလာသည်ကို မြင်ရ၏။ တချို့က ဝရန်တာမှ ထွက်ကြည့်ကြသည်။ ကျွန်တော်ဘာမှ မတတ်နိုင်တော့။ မီးရောင်အောက်မှာပင် လမ်းမပေါ်သို့ မြင်မြင်ထင်ထင် ပြေးထွက်ခဲ့ရတော့သည်။

ကျွန်တော့်အမည်ကို အော်ကာအော်ကာဖြင့် သူခိုး. . . သူခိုး ဟုဟစ်နေသော ဘဒင်ကြီး၏အသံက လမ်းမကြီး၏ညထဲတွင် အလင်းတန်းတစ်ခုလို ကျွန်တော့်နောက်မှ ပျံသန်းလိုက်ပါလာ၏။

●



www.burmeseclassic.com

www.burmeseclassic.com

(၇)

မနေ့ညက အဖြစ်အပျက်ကို တစ်မြို့လုံး သိသွားကြသည်။ မီးရောင်အောက်တွင် ကျွန်တော့်မျက်နှာကို သေသေချာချာ မြင်လိုက်ရသူများရှိသည့်အပြင် ဘဒင်ကြီးက ကျွန်တော့်နာမည်ကို တစ်မြို့လုံး ကြားလောက်အောင် အော်ဟစ်ခဲ့ပြီးပြီဖြစ်သောကြောင့် ဘာမှ ဖုံးဖိထားစရာမကျန်တော့။

ကျွန်တော် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားသည့်အခါမျိုးတွင် ဆိုင်ထဲမှာ ထိုင်နေကြသူများ အားလုံးက ကျွန်တော့်ကို 'သူခိုး' တစ်ယောက်ကိုကြည့်သည့် မျက်လုံးဖြင့် ဆီးကြိုကြသည်။ လမ်းသွားရင်း ဆုံရသည့်အခါ သူတို့အချင်းချင်းကပ်၍ . . .

"အဲဒါ ဟိုနေ့ညက ဂိုဒေါင်ထဲဝင်ခိုးတဲ့ လူပေါ့၊ ဘာတွေ ရသွားသလဲ မသိဘူး"

ဟု တီးတိုးတီးတိုးပြောကြ၏။ တချို့ ခပ်ရဲရဲ လူငယ်များကမူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆီ တိုက်ရိုက်လာပြီး . . .

"အစ်ကိုကြီး၊ ဟိုနေ့ညက. . . ဘာတွေရလာသလဲ"

ဟု ပြောင်ပြောင်တင်းတင်းပင် မေးကြသည်။ ကျွန်တော်က . . .

"ဘာမှ မရပါဘူးကွာ. . . ဂိုဒေါင်ထဲမှာ ဘာမှမရှိဘူးကွ"

ဟု ပြန်ဖြေသောအခါ သူတို့က 'မယုံပါဘူးဗျာ၊ ခင်ဗျားရလာတာ တစ်ခုခုတော့ ရှိရမယ်၊ လျှို့မနေပါနဲ့' ဟု အဓိပ္ပာယ်ရသော မျက်လုံးများဖြင့် ကြည့်ကြ၏။ ကျွန်တော် မည်သို့ ဖြေရှင်းရမည်မသိ။ အားလုံးက ကျွန်တော် ဂိုဒေါင်ထဲမှပစ္စည်းတစ်ခုခု ရလာပြီ ဟုသာ အခိုင်အမာ ယုံကြည်နေကြပြီ။

ဂိုဒေါင်ထဲတွင် လူကို အန္တရာယ် ပေးနိုင်သော လက်နက်ပစ္စည်းလိုအရာမျိုး ရှိလိမ့်မည်ဟု ယူဆထားကြသူများက ပိုဆိုး၏။ ကျွန်တော်က ထိုပစ္စည်းကိုယူလာခဲ့ပြီး တစ်နေ့နေ့တွင် သူတို့ မြို့ကလေးကို ဒုက္ခပေးတော့မည် . . .၊ အကွက်ကောင်း ချောင်းနေသည် ဟု စကားဖြန့်ကြ၏။

ကျွန်တော် မတ်တတ်ရပ်နေရာ မြေသားပြင်သည် တစ်စထက်တစ်စ ကျုံ့ဝင်နိမ့်ကျသွားနေသည်ဟု အောက်မေ့ရလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် သည်မြို့ကလေးမှာ 'နေရာ' မရှိတော့မှန်း တစ်နေ့ထက်တစ်နေ့ သေချာလာသည်။ ကျွန်တော့်ကို အားလုံးက 'ကြွက်' တစ်ကောင်လို ရှောင်ကြဉ်သွားကြ၏။ (ကံမကောင်း အကြောင်း မလှလျှင် ကျွန်တော့်နှာခေါင်းကို သံညှပ်ဖြင့် ဖိညှပ်ဖမ်းကာ သတ်ဖြတ်ချင်သူများပင် ရှိနေပေလိမ့်ဦးမည်)

ထင်မယ့် အတူတူ မထူးတော့ဘူးဟု. . . သဘောထားကာ ကျွန်တော် တကယ်ပင် 'သူခိုး' အဖြစ်နှင့် လုပ်ကိုင်စားသောက်ရမလား၊ သို့မဟုတ် သည်မြို့ကလေးမှ စွန့်ခွာထွက်သွားရမလား။

ထင်မြင်ချက် 'လေမှုန်လေမွှား' ကလေးတွေကို ကြွက်ကြွခံဖို့ရာ ကျွန်တော်တို့တွေ ဘာကြောင့် မသန်မာရသလဲဟု စဉ်းစားနေမိပါသည်။ ကျွန်တော်တို့သည် အစကတည်းက မတ်တတ်ရပ်နေကြသူများ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။

အမည်နာမ မသိခဲ့ရသော အလင်းတန်းတစ်ခုကို အခန်းများက လိုက်လံဖမ်းဆီးနေသည်မှာ သည်နေ့ထိတိုင်ပင် ဖြစ်၏။ ခွေးများက



www.burmeseclassic.com

www.burmeseclassic.com



ကျင်ငယ်ရည်ဖြင့် ပန်းခဲ့သောအပင်ပေါင်းများစွာရှိသော်လည်း ခွေးသေးပန်းပင် သည်သာလျှင် ခွေးသေးပန်းပင် ဖြစ်နေရခြင်းကို ဘယ်သူမှ မငြင်းဆန်နိုင်ပါ။ ကျွန်တော်သည် 'သူခိုး' ဟု အခေါ်ခံရ သောအခါ ကျွန်တော်သည် သူခိုးဖြစ်သွား၏။

သည်မြို့ကလေးမှ တိတ်တဆိတ် ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သော နောက်ဆုံးနေ့တွင် ကျွန်တော်သည် ဘဒင်ကြီးနှင့် တွေ့ဆုံရန် ဂိုဒေါင်ဆီ တစ်ခါထပ်ရောက်ပါသေးသည်။ ကျွန်တော့်ရင်ဘတ်ထဲမှာ သူ့ကိုပြောရန် စကားတစ်ခွန်း တွဲလောင်းပါလာ၏။

သို့သော် တကယ်တမ်းဆုံဖြစ်သည့်အခါ သူက ကျွန်တော့်ကို စကား စပြောပါသည်။

"မင်း . . . ဒီမြို့က ထွက်သွားတော့မယ်ပေါ့"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

သူက . . . 'ဘာလဲ၊ ငါ့ကို လာနှုတ်ဆက်တာလား' ဟု မေး၏။

ကျွန်တော်က . . .

"မဟုတ်ဘူး. . . ခင်ဗျားကို စကားတစ်ခွန်း ပြောခဲ့ချင်လို့ လာတာ"

"ဘာစကားလဲ"

"တစ်ခါတလေမှာ အစောင့်တွေကနေ သူခိုးတွေကို မွေးထုတ်ပေးနိုင်တယ်. . . ဆိုတဲ့စကားပေါ့"

သူ့မျက်နှာပေါ်တွင် ညစ်ပတ်ပေကျံနေသော အပြုံးတစ်ခုကို မြင်လိုက်ရသည်။ သူက ခေါင်းကို ဖြည်းဖြည်းချင်းယမ်းခါ၏။ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြာမှ . . .

"မင်းနဲ့ငါ စ သိကာစတုန်းက ငါ့ကို . . ဂိုဒေါင်အစောင့် မလုပ်ခင် အရင်က ဘာအလုပ်လုပ်သလဲ . . . လို့ မေးခဲ့တာမှတ်မိသေးလား"

သူ ဘာကို ရည်ရွယ်မှန်းမသိသောကြောင့် ကျွန်တော် ငြိမ်နေမိသည်။ သူက ကျွန်တော့် မျက်လုံးများကို အသေအချာ ဖတ်ကြည့်နေ၏။ ပြီးမှ . . .

"ငါက . . . အရင်တုန်းက 'သူခိုး' ကွ"

ဟု သူတစ်ခွန်းတည်း ပြောသည်။

ကျွန်တော် လှည့်ထွက်ခဲ့တော့၏။

●



www.burmeseclassic.com

www.burmeseclassic.com

(၉)

အမှောင်တစ်ခုတည်းသာလျှင် တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

အာဒမ်ရောင်းလိုက်တဲ့ ပန်းသီးပုပ်တစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်မီးနဲ့ ထိုးဆွထားသလို အနားစတွေ ညိုမည်းပြီး အကွက် အကွက်ထနေတဲ့ တိမ်တွေကို ေးကြည့်ရတာ ကြည့်လို့သိပ်ကောင်းတယ်။ ဖုန်ပန်းဖွားတွေဖြာပြီး ပန်းနုရောင်များနဲ့ ပန်းခါီကား တစ်ချပ်လို ဖြစ်နေတဲ့ ညနေထဲကို ကုန်တင်ကားအိုကြီးတစ်စင်း တအိအိနဲ့ ဖောက်ဝင်လာပုံဟာ ကြည့်လို့ သိပ်ကောင်းတယ်။ ရှုရှား ဝတ္ထုတွေထဲက မင်းသမီးတွေလို ဂါဝန်ကားကားကြီး ဝတ်ထားတဲ့ အဲသည် တက္ကသိုလ်လေးဟာ သိပ်အဆင်ပြေပြေကြီး မဟုတ်ဘဲနဲ့ကို ကြည့်လို့ကောင်းနေတယ်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၁)

(၁၈)ရာစု စက်မှုတော်လှန်ရေး၏ သမိုင်းဆိုင်ရာ အရေးပါမှုကို ကျွန်တော်မသိပါ။ တန်ဖိုးပေးရသည့်အတွက် စက်မှုတပ်ဆင်ခြင်း မပြုရန် တိုးတက်ခြင်းကို ရပ်တန့်ပစ်ရမည်ဟု ဆိုခဲ့သော စာရေးဆရာ ဂျီကေ• ချက်စတာတန်သည် ဖြူသလား၊ မည်းသလား၊ ဝသလား၊ ပိန်သလား၊ ပုသလား၊ ရှည်သလား၊ ကျွန်တော်မသိပါ။ တောင်အာဖရိက တိုက် သတ္တုတွင်းများရှိ အလုပ်သမားများသည် ဒေဝူးရေခဲသေတ္တာသုံးပြီး တိုရှီဗာတီဗီကြည့်ဖူးကြသလား၊ ကျွန်တော်မသိပါ။

မည်သို့ပင်ဆိုစေကာမူ စက်မှုလုပ်ငန်းများ၏ တန်ခိုးတော် အနန္တကို ကျွန်တော် ကောင်းစွာသိသည်ဟု ထင်ပါသည်။ ဥပမာအား ဖြင့် လူတို့သည် သွားရေးလာရေး လွယ်ကူချောမွေ့စေရန် သတ္တုဘီးလုံး ကြီးများကို ဖန်ဆင်းခဲ့ကြသည်။ နောက်ပိုင်းတွင်မူ ထိုသတ္တုဘီးလုံးကြီး များ၏ အဆင်ပြေမှုနှင့် တန်ဖိုးသည် တန်ခိုးက္ကဒ္ဓိပါဒ်ဖြစ်လာပြီး လူတို့၏

www.burmeseclassic.com



ကိုးကွယ်ပူဇော်ခြင်းကို ခံယူထိုက်သော သတ္တဝါများဘဝသို့ ရောက်ရှိသွားတော့၏။

အာလာဒင်သည် မီးခွက်စောင့်ဘီလူးကို ပိုင်ဆိုင်သောကြောင့် လိုရာလုပ်နိုင်သည်ဟု ပုံပြင်ထဲတွင် ဖတ်ရသည့်အခါ မအံ့ဩမိတော့ပါ။ (၂၁)ရာစုတွင် သတ္တုဘီလူးပေါက်စနလေးတစ်ကောင်ကို ပိုင်ဆိုင်ရုံမျှဖြင့် များစွာ အလုပ်ဖြစ်ပါသည်။ အနည်းဆုံး အတန်းထဲမှ ကောင်မလေးသုံးလေးယောက်ကို ခေါ်တင်သွားနိုင်သည်။ ဝမ်းနည်းပါတယ်. . . အာလာဒင်. . .။

ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှေ့တွင် သတ္တုဘီလူးများ၊ သတ္တုမှင်စာကလေးများ အစီအရီရပ်ထားသည်ကို တွေ့နိုင်ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၂)

ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်း တို့သည် သူငယ်ချင်းများဖြစ်ကြသည်။ ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့သည် အတန်းမတက်မီ လူငယ်ကင်တင်းတွင် အမြဲတန်း ထိုင်လေ့ရှိကြသည်။ ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့သည် အတန်းလစ်ကြသည်။ ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့သည် ထမီတိုတိုနှင့် ကောင်မလေးများကို နောက်ပြောင်ကြသည်။ ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့သည် အကြိမ်ပေါင်းသန်းတစ်ထောင်ခန့် စကားပြောကြသည်။ ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့သည် လှိုင်တက္ကသိုလ်၏ ဗာဒံပင်များနှင့် အုတ်ကျိုးအုတ်ပဲ့များကို ပိုင်ဆိုင်ကြသည်။ ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့သည် ခဲသားရောင်ကောင်းကင်ကို ပတ္တာများ တပ်ဆင်ကာ သော့ခလောက် တစ်လုံးစီ ချိတ်ဆွဲလိုက်ကြသည်။

www.burmeseclassic.com



(ထို့နောက် သော့တူ သုံးချောင်းလုပ်ကာ တစ်ယောက် တစ်ချောင်းစီ ယူထားလိုက်ကြပါသေးသည်) ကျွန်တော် နှင့် အောင်လင်း နှင့် ကျော်ဇောထွန်းတို့သည် သတ္တဗေဒအမိကမှ ဘုရင်မဘွဲ့ နှင်းအပ်ခြင်း မခံရသော်လည်း ဘုရင်မထက် ပို၍ လှသည်ဟု သုံးဦး သဘောတူ ဆုံးဖြတ်ထားသည့် ကောင်မလေး၏ ခြေဖမိုး ကို ကြည့်ကြသည်။ ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့သည် . . .။

လင်းယုန်ငှက်တွေ ဘယ်မှာလဲ. . .။ ရေမော်လီကျူး တစ်ခု ချင်းစီတွင် ဟိုက်ဒြိုဂျင်အက်တမ်နှစ်လုံးနှင့် အောက်ဆီဂျင်အက်တမ် တစ်လုံးတို့ ပါဝင်နေကြခြင်းသည် လှိုင်တက္ကသိုလ်နှင့် မဆိုင်ပါ။ မော်ဒန် စာပေကို ကန့်ကွက်ရှုတ်ချ သရော်ကြသူများထဲတွင် လှိုင်တက္ကသိုလ် မပါဝင်ပါ။ မှတ်ချက်. . . ထောက်ခံအားပေးသူများထဲတွင်လည်း လှိုင် တက္ကသိုလ် မပါဝင်ပါ။ လှိုင်တက္ကသိုလ်သည် ကောင်မလေးလှလှလေး များ၊ မလှတလှလေးများ၏ ရင်ဘတ်တွင်သာ ပါဝင်ပါသည်။ ဂျင်း ဘောင်းဘီ၊ ဆံပင်ရှည်ရှည်ပျော့ပျော့၊ နားကပ်၊ ကျောပိုးအိတ်၊ ဟဲဗီး မက်တယ်၊ မီနီစကတ်၊ လေးဖြူ၊ ပါဆယ်ဂိမ်း၊ ဇော်ဝင်းထွဋ်၊ ဆဲဗင်းအပ် နှင့် ကျူတိုရီယယ်တို့တွင်သာ ပါဝင်ပါသည်။ လှိုင်တက္ကသိုလ်သည် ရောင်စုံရုပ်ပုံ လှလှကလေးများပါသော သိုးမွှေးကက်တလောက်တစ်ခု နှင့်တူ၏။

"ငါတို့ဟာ အသံမြည်တဲ့ ကိရိယာတွေဖြစ်တယ်။ အဲဒီကိရိယာ တွေရဲ့အသံက အခုပြောနေပြီ။ လောကကြီးက မင်းတို့ကို စွဲရှာငြီးငွေ့ နေပြီ. . . လို့"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပြောတာလဲ. . . ၊ ဒါ. . . အက်ပီယန်လမ်းမကြီးပေါ် က. . . စကား။ ဝါးခနဲ ရယ်မောလိုက်သောအသံများကြောင့် ရောမ သူရဲကောင်းကြီးတစ်ယောက် လူငယ်ကင်တင်းတွင် ထိုင်ခွင့်မရလိုက်ဘဲ အပြင်သို့ ကုပ်ကုပ်ကလေး ပြန်ထွက်လာခဲ့ရ၏။

. . . . . . . . .

ကျွန်တော် နှင့် အောင်လင်း နှင့် ကျော်ဇောထွန်းတို့ လှိုင် တက္ကသိုလ်တွင် ပထမနှစ် အောင်ခဲ့ကြပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

# ၃ (က)

ဒုတိယနှစ်တွင် ကျော်ဇောထွန်းသည် နောက်ဆုံးပေါ် နံပါတ်တစ် သတ္တုဘီလူး အငယ်စားပိုင်ဆိုင်သူများ စာရင်းဝင်တစ်ဦး ဖြစ်လာခဲ့၏။ အောင်လင်းရေးသော ကဗျာများ ကာရန်ပို၍ ကျဲလာကြ၏။ ကိစ္စမရှိပါ။ ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့သည် ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့သာ ဖြစ်နေသေးသည်။ ကိစ္စ မရှိပါ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ကိစ္စ မရှိပါ။ ရှစ်သုံးလုံးတံဆိပ် ဖဲချပ်များ ကိစ္စမရှိပါ။ အောင်လင်းက ကဗျာဖြစ်လျှင် ကျန်သော အချက်အလက်များနှင့် ကျမ်းကိုး ကျမ်းကားများသည် ကိစ္စမရှိဟု ပြောသောအခါ ကျွန်တော် ယုံပါသည်။

ကျွန်တော် ယုံပါသည်။ လှိုင်တက္ကသိုလ်ကို လည်းကောင်း၊ သရုပ်မှန်စာပေကိုသော် လည်းကောင်း၊ တရုတ်သိုင်းဝတ္ထုထဲမှ အနှင်းတစ်ထောင် အဆိပ်ဖြေ ကြာပန်း နှင့် ဘီလူးလက်ဝါးသိုင်း ဆယ့်ကိုးကွက်



www.burmeseclassic.com

www.burmeseclassic.com



ကိုသော်လည်းကောင်း၊ ဂျိမ်းစ်ဘွန်းကိုသော် လည်းကောင်း၊ တစ္ဆေသရဲကိုသော် လည်းကောင်း၊ ပန်းကန်ပြားပျံကိုသော် လည်းကောင်း၊ ဂင်းနစ်စာအုပ်ကိုသော် လည်းကောင်း ကျွန်တော် ယုံပါသည်။ ထို့ကြောင့် အောင်လင်းက . . .

"ကဗျာအကြောင်း၊ စာအကြောင်းလေးတွေ ပြောရဆိုရအောင် တခြားမေဂျာက သူငယ်ချင်းတွေနဲ့ ချိန်းထားတာရှိတယ်။ ဆေးတက္ကသိုလ်တို့ ဘာတို့က သူငယ်ချင်းတွေပါလာကြမှာ။ အဲဒါ ကျောင်းထဲက ကင်တင်းမှာ သွားစောင့်ရဦးမယ်။ မင်းတို့နှစ်ကောင်ပါ လိုက်ခဲ့ကြကွာ"

ဟု ဆိုလာသောအခါ ပထမနှစ်တစ်လျှောက်လုံး ကတည်းက ထိုင်လေ့ထိုင်ထ သိပ် မရှိခဲ့သော ကျောင်းအလယ်ကင်တင်း သို့ ကျွန်တော်တို့ ယုံကြည်စွာ လိုက်လာမိခဲ့ကြ၏။

ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့ ကျောင်းအလယ်ကင်တင်းသို့ သွားကြသည်။ လှပသော အိပ်မက်ဆိုးတစ်ခုကို မျှော်လင့်မထားဘဲနှင့် ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇောထွန်းတို့ ကျောင်းအလယ်ကင်တင်းသို့ သွားဖြစ်ခဲ့ကြသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## ၃ (ခ)

ကိုယ့်ရင်ဘတ်ကိုယ် ကြိုးတပ်ပြီး တယောထိုးကြ. . .။ ကင်တင်း။ ကောင်မလေးနဲ့ကောင်လေး. . .၊ တစ်ယောက်နဲ့တစ်ယောက် ဆံပင်တွေ အချင်းချင်း ချည်နှောင်ကြ . . .၊ ကင်တင်း။ သိပ်ကောင်းတဲ့ ကန်စွန်းခင်းတစ်ခုပဲ. . . အုံလိုက်ကျင်းလိုက်ကြီး. . .၊ ကျောင်းသား တွေရဲ့ ခန္ဓာကိုယ် ဆက်စပ်သွယ်တန်း သွားလိုက်ကြတာ. . .၊ အရုပ်နဲ့ အသံ လွဲနေသော ဗီဒီယိုပြကွက်များ. . .၊ လက်ဖက်ရည်များနှင့် ခရမ်းရောင်အိပ်မက်များ. . .၊ အလက်ာမပါသော ထဘီတိုတိုများ. . .၊ သကြားလုံးနှင့် ပင်ကွင်းငှက်များ. . .။

ထိုအရာများကြားတွင် လှိုင်တက္ကသိုလ် အလယ်ကင်တင်းသည် ဂစ်တာကြိုးတစ်ချောင်းလို ထောင်းခနဲ ပြတ်ထွက်သွား၏။

'ဟာ!!!ဟော့ကောင်. . . အောင်လင်း၊ ဟိုကောင်မလေးကို ကြည့်စမ်း၊ တစ်ယောက်တည်း စကားပြောလိုက်၊ ပြုံးလိုက်၊ ခေါင်းငဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါလုပ်လိုက်. . . နဲ့ ဘာဖြစ်နေတာလဲ၊ ဘယ်လိုကြီးလဲဟ . . .”

ကျော်ဇောထွဋ်၏ စကားကြောင့် ‘တက္ကသိုလ်ပန်းကဖီး’ ဆီသို့ အကြည့်ရောက်ဖြစ်ကြ၏။

နှုတ်ခမ်းပါးကို ရဲရဲဆိုးထားသော ဆံပင်တိုတိုကို၊ ဂျယ်လီစိုစွတ်စေကာ တိတိသပ်သပ်ဖြီးထားသော၊ နားကပ်ရှည်တစ်စုံကို တွဲလောင်းချဆွဲလျက် ခါခါလှုပ်လှုပ်ဖြစ်စေသော၊ နုထွေးဝါစိုသော လည်တိုင်တွင် အမ်. အီး ဟူသော အင်္ဂလိပ်အက္ခရာနှစ်လုံး (သို့မဟုတ်) ‘ကျွန်မကို’ ဟု အဓိပ္ပာယ်ရသော စာလုံးပါရှိသည့် ရွှေဆွဲကြိုး မျှင်မျှင်ကလေးကို ဆွဲထားသော၊ ရေဘင်မျက်မှန် အစစ်တစ်လက်ဖြင့် သူမ၏ မျက်လုံးများကို ဖုံးအုပ်ထားသော. . . ကောင်မလေး။

လှပလွန်းသည်ဟု မဆိုနိုင်သော်လည်း ထရှိုင်မြို့မှ ဟယ်လင်မင်းသမီး၏ နှုတ်ခမ်းများ နှင့် ဇနပဒ ကလျာဏီ ၏ နဖူးဝါဝါတို့ကို ပိုင်ဆိုင်သော ကောင်မလေး။

ကောင်မလေး . . . (သို့မဟုတ်) အသက်ငယ်သော မိန်းမ (သို့မဟုတ်) နုပျိုမှုနှင့် ကြွတ္တိလိုင်ပေါင်းစပ်ထားသော နာမ်စားတစ်ခု။ အံ့အားသင့်စံဖွယ်ကောင်းသော သက်ရှိအရာဝတ္ထုတစ်ခု. . . ။

အတန်ကြာသည်အထိ သူမကို ငေးကြည့်နေမိကြသည်။ တစ်ဦးနှင့်တစ်ဦး စကားမဆိုဖြစ်။ ထိုခဏ၌ တိမ်များသည် ပင်လယ်ဖြစ်၍၊ မီးတောင်များသည် ယုဇနပန်းများဖြစ်ကာ လျှောင်များသည် လိမ္မော်ရည်ပုလင်းများဖြစ်သွား. . . ။ ရေခွက်ထဲမှာ ပိုးလောက်လန်း မရှိပါ။ ရန္တပိုစာချုပ် မရှိပါ။ အာဖရိကဗုံသံများ မရှိပါ. . . ။ ကောင်မလေးရေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



နောက် ဆယ့်ရှစ်မိနစ် လေးဆယ့်တစ် စက္ကန့် အကြာတွင် အောင်လင်း၏ သူငယ်ချင်းဖြစ်သူ ရှုပဗေဒမေဂျာမှ ကိုဇော်မြင့် ရောက်လာသောအခါ 'ချိုချိုသင်းလဲ့ရည်ဆွေ' ဆိုသော ထိုကောင်မလေးသည် ယဉ်နွဲ့ညင်သာစွာ ရှုးသွပ်နေသူတစ်ဦးသာဖြစ်ကြောင်း ကျွန်တော်တို့ နားလည်ခွင့်ရသွားကြ၏။

●



www.burmeseclassic.com

www.burmeseclassic.com

## ၃ (ဂ)

စတူးဝပ် မင်းဆက်များအကြောင်း ပြန် ပြောစရာ မလိုပါ။ ကောင်မလေး ရှူးနေသည်။ သူမသည် မည်သည့်မေဂျာက ဆိုသည်ကို ဘယ်သူမှ မသိ၊ မည်သည့်နေရာက လာသည်ဆိုသည်ကို ဘယ်သူမှ မသိ။ သူမသည် မသိသူများကြားတွင် ရှူးသွပ်နေသည်။ အချိန်ပြည့်. . . လှိုင်တွာတ္တသိုလ်ကျောင်းဝင်းထဲမှာ လျှောက်သွားနေသည်။ ကင်တင်း ထိုင်သည်။ တစ်ခါတစ်ရံ လွတ်နေသော အတန်းများထဲသို့ဝင်ကာ ကျောက်သင်ပုန်းပေါ်တွင် သူမကိုယ်တိုင် မသိသော မျဉ်းကွေးနှင့် မျဉ်းဖြောင့်များကို ရေးခြစ်နေတတ်သည်ဟုဆိုသည်။

ရေဘင်မျက်မှန် အကောင်းစားတစ်လက်၊ ရွှေဆွဲကြိုး၊ ရွှေလက်ပတ်ကြိုး၊ ရွှေနာရီ၊ ဂျွန်ပလေယာတီရှပ်၊ ကောင်းကင်ရောင် ဘောင်းဘီနှင့် 'ချိုချိုသင်းလှဲ့ရည်ဆွေ' ဆိုသော နာမည်လှလှပိုင်ရှင် ကောင်မလေးကို မည်သူ ရှူးသွပ်ခွင့် ပြုလိုက်ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဂက်စ်မီးခြစ်တစ်လုံးကို စီးပြီး အင်္ဂါဂြိုဟ်ကို သွားကြမည်။ အာကာသဆိုင်ရာ နယ်မြေ ကန့်သတ်ချက်နှင့်အတူ မသိခြင်းများ နှင့် လောကကို မဟာမိတ်ပြုကြပါစို့။ ရေခဲကြမ်းပြင်ထဲ ကျွန်တော်တို့အားလုံး နစ်ဝင်နေကြပြီ။

ကျွန်တော် ငိုင်နေသည်။ အောင်လင်း ငိုင်နေသည်။ ကျော်ဇော ထွန်း ငိုင်နေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

(၄)

လိင်ကိစ္စ သည် ဂျပန်လုပ် မော်တော်ကားတစ်စီးနှင့်သော်လည်းကောင်း၊ ရှူးသွပ်နေသော မိန်းကလေးတစ်ဦးနှင့်သော်လည်းကောင်း၊ စာရိတ္တ အမြစ် တိုသော သူငယ်ချင်းတစ်ယောက်နှင့်သော်လည်းကောင်း ဆက်နွယ်နေတတ်ကြောင်း ညီမျှခြင်းကို ဖော်ထုတ်နိုင်သည့်အတွက် အောင်လင်းနှင့် ကျွန်တော့်ကို ပါမောက္ခ အိုင်းစတိုင်းက ဆိုင်ကယ်စီးဦးထုပ် တစ်လုံးစီ နှင့် ဆေးပေါ့လိပ် တစ်စည်း၊ ငါးပိကြော် တစ်ပုလင်း လက်ဆောင်ပေးသည်။

ကျွန်တော်နှင့် အောင်လင်းတို့ လမ်းထွက်သည့်အခါ ဆိုင်ကယ်စီး ဦးထုပ်များ ဆောင်းသွားကြပါသည်။ ဆေးပေါ့လိပ်စည်း နှင့် ငါးပိကြော်ကိုမူ သိမ်းထားလိုက်၏။ နောင်တစ်ချိန်ချိန်တွင် အသုံးလိုကောင်းလိုလာပါလိမ့်မည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၅)

မော်တော်ကားကို တိရစ္ဆာန်များကသာ ပိုင်ဆိုင် စီးနှင်ခွင့်ရမည်ဆိုလျှင် ဘာတွေဖြစ်ကုန်မည်နည်း ။ ကျွန်တော် မသိပါ။ သို့သော် ကျွန်တော်သိတာ တစ်ခုတော့ရှိသည်။ လူတစ်ယောက်က သူ၏ ကိုယ်ပိုင်ကားဖြင့် ရှုးသွပ်နေသော မိန်းကလေးတစ်ဦးကို ခေါ် တင်သွားပြီး ခန္ဓာကိုယ်ကို လိမ်ညာလှည့်ဖြား၍ ရယူလိုက်သောအခါ ထို 'လူ' ၏ အဆင့်သည် 'တိရစ္ဆာန်' ၏ အောက် ယူဇနာတစ်ထောင်အထိ ကျဆင်းသွားကြောင်းပင်။

အာဒမ်က ဧဝ ကို ပန်းသီးတစ်ကိုက် ကျွေးလိုက်သည်။ ကိစ္စမရှိပါ။ 'အချစ်' တဲ့။ 'အချစ်' သာဖြစ်လျှင် ဘာမှ ကိစ္စရှိလိမ့်မည်မဟုတ်ပါ။ အခုတော့. . . ကာမရာဂပြဿနာ။ ချိုချိုသင်းလှဲ့ရည်ဆွေရေ . . . ကျော်ဇောထွဋ်ကတော့ မင်းကို ပန်းသီးအပုပ်ကြီးတစ်လုံး လိမ်ညာရောင်းချသွားခဲ့ပေါ့ . . .။



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . . ဒီလောက် ယုတ်မာရက်တာကိုပဲ ငါ. . . အံ့ဩလို့ မဆုံးဘူး ကျော်ဇောထွဋ်"

"ဟော့ကောင်တွေ. . . မင်းတို့က ဇာတ်နာအောင် ငါ့ကို စွဲချက်တွေ လာတင်မနေနဲ့။ မင်းတို့အရှုံးမကာ အစကတည်းက 'ပျက်' နေတာ။ ကိုယ်ပိုင်ကားနဲ့ခေါ်ရင် လိုက်တယ်။ နည်းနည်းလေး နှုးလိုက်ရင် တစ်ကိုယ်လုံးကို ပေးတယ်။ ရှင်းရှင်းလေး။ အဲဒီလို လုပ်သွားခဲ့ကြဖူးတဲ့ ကောင်တွေလည်း တစ်ပုံချည်းပဲ။ ငါနဲ့ကျမှ ထူးပြီးဖြစ်တာ မဟုတ်ဘူး။ လာ. . . လွှမ်းမနေနဲ့။ ဒီကောင်မက ဒါတွေ ရိုးနေပြီ"

အောင်လင်းက. . .

"ဘာကွ၊ သူက အဲဒီလိုဖြစ်တော့ကော မင်းတို့က အခွင့်အရေး ယူကောင်းသလား။ သူက စိတ်မှ မနှံ့ရှာတာကွ။ ဝိုင်းပြီး ထိန်းသိမ်းပေးဖို့ တာဝန်တောင်ရှိသေးတာ။ အခုတော့. . ."

"နေ. . . နေ. . . အောင်လင်း၊ ဒီကောင့်ကို သွားပြောမနေနဲ့၊ ဒီကောင်ရော. . . ဒီကောင့်အပေါင်းအသင်းတွေရော. . . အားလုံး အခွင့်အရေးသမားတွေချည်းပဲ။ ဒီတော့. . . စိတ် မမှန်တဲ့ မိန်းကလေး တစ်ယောက်အပေါ် နှမသားချင်း မစာမနာ အခွင့်အရေး ယူတာ ဘာဆန်းလဲ"

ကျော်ဇောထွဋ်က ဟက်ခနဲ တစ်ချက်ရယ်မောပစ်လိုက်ပြီး . . .

"အခွင့်အရေးသမား. . . ဟုတ်လား၊ အေး. . . အခွင့်အရေး ဆိုတာ ရတုန်းယူထားရတာကွ။ မင်းတို့လည်း . . . ဟဲ . . . ဟဲ . . .



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့မှာသာ ကိုယ်ပိုင်ကားလေးနဲ့ဆိုရင်. . . အင်းလေ. . . ကြည့်လိုက်ချင်သေးတယ်"

"ဒီမှာ. . . ကျော်ဇောထွန်း"

အောင်လင်း၏အသံတွင် ချွန်မြသော အသွားများပါ၏။ တစ်ခါတစ်ရံတွင် လက်သီးများသည် စကားကို အလက်ာ မပါဘဲနှင့် ထိထိရောက်ရောက် ခံစားရစေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၆)

ထူးခြားသော ပြုမူချက်များသည် အံ့ဩစရာတွေ ထည့်ထားသော သားရေအိတ်ကြီးတစ်လုံးကို အလိုအလျောက် ဟက်တက်ကွဲသွားစေနိုင်သည်။ အံ့ဩမှုများ ထွက်ကျလာကြ၏။ ပျံသန်းလာကြ၏။ လက်ဖက်ရည်ပန်းကန်လုံးထဲသို့ ခုန်ဝင်နားကြ၏။

အောင်လင်း နံပါတ် အနက် ကားတစ်စင်း ကို မောင်း၍ ကျောင်းတက်ခြင်း၊ အလယ်ကင်တင်းသို့သွား၍ ချိုချိုသင်းလဲ့ရည်ဆွေနှင့် စကားပြောခြင်း၊ ကျောင်းအဝင်ကွေ့ စိန်ပန်းပင် အောက်တွင် ကားရပ်၍ စောင့်နေခြင်းတို့သည် ယခု ကျွန်တော့်လွယ်အိတ်ထဲတွင် အစီအစဉ်မကျစွာ ထိုးထိုးထောင်ထောင် ရှိကြ၏။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့ကမှ စာလုံးပေါင်းများ မှားယွင်းနေသော အဘိဓာန်တစ်အုပ်ကို လွယ်အိတ်ထဲထည့်ယူလာမိလျက်သား ဖြစ်နေသည်။

"ဟေ့ကောင် . . . အောင်လင်း . . . ဒီကားက . . ."



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတစ်ယောက်ရဲ့ကားကို ငှားလာတာ"

"မင်း. . . ဘာတွေလုပ်နေတာလဲ. . ."

"ငါ. . . ဘာတွေလုပ်နေတယ်ဆိုတာကို ငါကောင်းကောင်းကြီး သိတယ်"

သိသောလူတစ်ယောက်နှင့် စကားပြောရခြင်းကို ကျွန်တော် မနှစ်မြို့ပါ။ ယခု ကျွန်တော် ဆော့ခရတ္တိထံ သွားတော့မည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၇)

"မည်သို့ဖြစ်သွားသည်မသိ' ဟူသော စကားရပ်သည် ထူးခြားထင်ရှားသော အပြောင်းအလဲတစ်ရပ်ဖြစ်သွားမှန်း သိလိုက်ခြင်းကို ဖော်ပြသော စကားလုံးဖြစ်သည်ဆိုပါမူ ကျွန်တော် ယခု ထိုစကားလုံးကို သုံးပါမည်။

အောင်လင်း ရူးသွားပြီ. . .။

စတင် သတိထားမိသူမှာ ကျွန်တော် မဟုတ်ပါ။ အောင်လင်း အတန်း မတက်သည်မှာ နှစ်ပါတ်ခန့် ကြာသွားပြီးသည့်နောက်. . . အောက်တိုဘာ နေ့လယ်ခင်းတစ်ခုတွင် ရူပဗေဒမေဂျာ မှ ကိုဇော်မြင့် နှင့် ထပ်ဆုံဖြစ်သည်။ သူက အောင်လင်း အိမ်သို့ ရောက်ခဲ့သည်ဟုဆိုသည်။ တစ်ခုခု မှားယွင်းနေသော အာရုံသည် သူ့ထံမှ ကျွန်တော့်ထံသို့ လွယ်လင့်တကူ ကူးစက်လာခဲ့၏။ ကိုဇော်မြင့်က . . .

"မင်း ဒီကောင်နဲ့ အနီးကပ်ရှိနေပေးဖို့ကောင်းတယ်။ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



မှုမမှန်တော့တာကတော့ သိပ်ကို သေချာနေပြီ"

နောက်တစ်ရက်တွင် အောင်လင်းဆီသို့ ကျွန်တော်သွားဖြစ်သည်။ သူ့အိမ်ရှေ့ ခြံအဝင်ဝဘေးရှိ စိန်ပန်းပင်ခြေရင်းတွင် လက်ပတ်နာရီတစ်လုံးကို အချဉ်ရေခွက်ထဲသို့ စိမ်နေသော အောင်လင်းကို တွေ့ရ၏။

"ဟေ့ကောင်. . . အောင်လင်း. . . မင်း ဘာလုပ်နေတာလဲ . . ."

"အမှားအယွင်းတစ်ခုကို လေ့လာနေတယ်၊ အချိန်တွေ ပုပ်သိုးသွားတာကိုစောင့်ကြည့်နေတယ် ဆိုပါတော့"

"မင်း. . ဘာလို့ ကျောင်းမတက်တာလဲ"

"အချိန်ဆိုတာ အလုံးကြီးကွ၊ အဲဒီပေါ်မှာ လမ်းကြောင်းတွေရှိတယ်။ တစ်ခုနဲ့တစ်ခု ဖြတ်သွားတဲ့လမ်းကြောင်းတွေ ပြိုင်လျက်ရှိတဲ့ လမ်းကြောင်းတွေ. . .၊ တကယ်တော့ လူ့အဖြစ်ဟာ မရှိတဲ့ အကာအရံနဲ့ ကာရံထားတဲ့ လမ်းတစ်ခုပဲ"

"စာမေးပွဲ နီးနေပြီကွ၊ ငါ မင်းကို စာတွေ ကူးပေးမယ်လေ. . . နော်. . . အောင်လင်း"

"ဆံပင်တွေဟာ ရပ်တည်မှုတစ်ခု မဟုတ်ဘူး၊ အဆင့်တစ်ခုသာဖြစ်တယ်။ အဆင့်နဲ့ ရပ်တည်မှုဟာ သီးခြားကင်းလွတ်နေတဲ့ အရာတွေပဲ။ သတ်မှတ်ထားတဲ့ အဆင့်တစ်ခုကို ပြည့်မီဖို့ ရပ်တည်ချက်ကို ထည့်စဉ်းစားမခံရတာ စိတ်မကောင်းစရာပဲ၊ ကြာရင် ငါတို့မှာ လည်ဆံမွေးတွေ ပေါက်လာကြတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစားထိုး ပရက်တီကယ် ကျရင် မင်း. . . ဝင်လုပ်ဖြစ်အောင် လုပ်လိုက်ဦးနော်၊ စာက ငါနဲ့အတူတူ ကျက်ရင်ကျက်၊ ဒါမှမဟုတ် ဟို . . . မှာ ကျူရှင်ယူမလား"

"မြို့ပြလွှန်ခံစားမှုမှာ မော်တော်ကားပါတယ်၊ တီဗီနဲ့ အောက်စက် ပါတယ်၊ လေဆာခတ်ပြား ပါတယ်၊ ဘွန်ဂျိုဗီ ပါတယ်၊ ကုမ္ပဏီ လုပ်ငန်း ပါတယ်၊ ဒါပေမဲ့ ဒါတွေအားလုံးဟာ အစစ်အမှန်ပဲလို့ ငါ မပြောရဘူး၊ ဘော်ထိုဗင် လို စကားလုံးမဲ့အနုပညာတွေ ဖန်တီးနိုင်မှ နိုင်ငံတကာဟာ သွေးကြောမ တစ်ခုတည်းဖြစ်မယ်၊ အဲဒီအခါ ငါ ဘွဲ့ တစ်ခုယူမယ်"

"မင်း အောင်မှာပါကွာ၊ ဘာမှ စိတ်မပူနဲ့၊ ကျူတိုရီယယ်က အနည်းဆုံး ဆယ့်ငါးမှတ်တော့ရမှာပဲ"

"မနေ့ညက အိပ်မက်ထဲမှာ ချိုချိုသင်းလှဲ့ရည်ဆွေ ကို ငါ စိန်နဲ့ လုပ်ထားတဲ့ ပန်းသီးတစ်လုံး လက်ဆောင်ပေးလိုက်တယ်၊ သူက ဓား တစ်ချောင်းနဲ့ အဲဒီပန်းသီးကို သုံးစိတ် စိတ်လိုက်တယ်၊ ပထမတစ်စိတ်ကို ဆံထိုးလုပ်တယ်၊ ဒုတိယတစ်စိတ်ကို လက်စွပ်လုပ်တယ်၊ တတိယ တစ်စိတ်ကို ခွေးကျွေးပစ်လိုက်တယ်၊ အဲသည် ခွေးဗိုက်ထဲရောက်သွားတဲ့ ပန်းသီးတစ်စိတ်ကို မင်းရှာပေးမလား"

ရူးခြင်းသည် အကြောင်းတစ်ခုခုကြောင့်ဖြစ်သည်ဟု ဆိုပါလျှင် ထိုသူနှင့် ကျွန်တော် သဘောမတူပါ။ ရူးခြင်းသည် သန္ဓေ မရှိပါ။ အချို့ အလက်တိုင်းသည် သံလိုက်ချောင်းများဖြစ်ကြလျှင် ထိုသံလိုက်၏ ဝင်ရိုးစွန်းတစ်ဘက်တိုင်းသည် ရူးခြင်းပင်ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွေ့ရှိချက်အတွက် ကျွန်တော့်ကို နိုဘယ်လ်ဆု ပေးမည်ဆိုလျှင် ကျွန်တော်လက်ခံပါမည်။ ရသောဆုငွေများဖြင့် ကျောင်းရှေ့ ကွမ်းယာဆိုင်က အကြွေးများဆပ်မည်။ ဒေါ်သက်ရီ ဂျက်ကော့ မှ သားရေဂျာကင်တစ်ထည် ဝယ်ဝတ်မည်။ နောက်. . . အိမ်သာကို မှန်အလုံကာပေးမည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၈)

ယခုအချိန်တွင် ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇေထွန်း တို့သည် ကျွန်တော်နှင့် အောင်လင်းနှင့် ကျော်ဇေထွန်းတို့ မဟုတ်ကြတော့ပါ။

- ကျော်ဇေထွန်းနှင့် သူ့သူငယ်ချင်းများသည် ကုမ္ပဏီတစ်ခုကို အစုရှယ်ယာဖြင့် ထောင်ကြသည်ဟု ကြားရ၏။ သူတို့တွေ လူကြီးလူကောင်းဖြစ်အောင် လုပ်သည့်ပညာကို တက္ကသိုလ်မှ ဒီပလိုမာ ယူသွားကြသည်။
- အောင်လင်း ရူးသည်။
- ကျွန်တော် ပင်ကွင်းငှက်တစ်ကောင်ဖြစ်သွား၏။ တောင်ပံတစ်စုံ ရှိပါသည်။ သို့သော် မပျံသန်းနိုင်ပါ။ တိမ်တွေကို ငေးကြည့်ရတာ ကြည့်လို့ သိပ်ကောင်းတယ်။ ကုန်တင်ကားအိုကြီး တစ်စင်း တအိအိနဲ့. . . ကြည့်လို့ သိပ်ကောင်းတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ရှရှားဝတ္ထုတွေထဲကလို ဂါဝန်ကားကားကြီးနဲ့. . .။

ချိုချိုသင်းလဲ့ရည်ဆွေ. . . ရေ. . .၊ စိန် ကို ခွဲစိတ်ခဲ့တဲ့ မင်းရဲ့ မား နဲ့ ကျော်ဇောထွဋ်နဲ့ သူ့သူငယ်ချင်းတွေရဲ့ အမည်နာမတွေကို အင်းလျားရေပြင်ပေါ်မှာ ထွင်းခြစ်ခဲ့စမ်းပ။ အမြဲတမ်း ငါတို့ကိုပဲ စာမေးပွဲတွေ စစ်စစ်နေတဲ့ ဟောဒီတောအုပ်ကြီးကို ဒီတစ်ခါ ငါတို့ကပြန်ပြီး စာမေးပွဲ စစ်ကြရအောင်လေ. . .။

မင်းခိုက်စိုးစန်



www.burmeseclassic.com